




BURMESE CLASSIC .com
www.burmeseclassic.com



H 112
THANK YOU
KS-1700/-

www.burmeseclassic.com

## လှအိုးကွဲ သို့ကျေးဇူးတင်လွှာ

ဗုဒ္ဓ၊ မြန်မာ၊ မွန်ပြည်ဌာနှင့် ရတနာအစုံ ထိုသုံးခုအား ဦးထိပ်ပန်ဆင် နတ်ဂိုဏ်းဇင်သည့် များမြဲကျေးဇူးရှိခဲ့ဖူးသော ဘ'မိနှစ်ဦး ဆွေမျိုးထူးတို့ မြဲမြဲကြီးကြပ် တွားဝတ်မှတ်၍လည်း မတင်းတိမ် ပြီကော။

ဆယ်မြှာလက်ယှက် 'အဖူးမပျက်မို့ ကြား သူအပေါင်း သူတော်ကောင်းတို့ အနန္တသုနခေါ (အဲလေ) သုခရစေသော်(ဝ်)။

ထိုမှတစ်ဝ ညာသိပ္ပနှင့် တကွမြင်စရိ၊ သင်စရိနှင့် မသင်ရဘဲအာစရိဖြစ်သူ ထိုထိုလူနှင့် အခြားပလပ်(စ်)ပေါင်း စရိဖောင်းများပါမကျန်

www.burmeseclassic.com

မေတ္တာမပြတ် ပေးပို့အပ်သည်။ ကံကောင်းလျှင်တော့ရမည်ပေါ့။

ဤနယ်တစ်ဖုံအလုံးစုံနှင့် အနီးအပါးမှကြီးပွားဖွယ်မမြင် စားအုပ်စီးပွားနယ်တစ်ခွင်မှ ထုတ်ဝေသူကျော်ဟိုး၊ အာစရိလှိုင်ဝင်းမိုးကိုလည်းကောင်း၊ မတော်တရော်မတ်ရွက်ဖြတ်ပြုသော စာပြင်စာပြုပရု(ဖ်)စရိပညာရှိများကိုလည်းကောင်း၊ အာစရိမဟုတ်မဟာဒုတ်နှင့်မေးမြန်းသမျှ အိတ်သွန်ဖာချမှောက်သင်ပြသော "လမ်းတိုမှာလမ်းဗိုလ်ရှိတယ် လမ်းဗိုလ်မှာပန်းတိုရှိတယ်" ဟူ၍ (ပန်းချီစုတ်တံတိုကို ထောင်ထောင်ပြရင်း ကြွေးကြော်တတ်သည့်) အစ်ကိုဆရာပန်းချီကိုဆန်း(အရှေ့တောင်အာရှအငယ်ဆုံး အရက်သမားဆုရ ယခု ပူးတွဲဘီယာဆုကို ချိန်နေ)အားလည်းကောင်း၊ ယခင့်တစ်ခါ ချစ်လှစွာသော ဆံပင်မှာဆံထောက်ကိုယ်မှာမြောင့်၍ ခါးတောင့်ရင်သိမ် တင်လုံးဝိန့်သည့် မြင်မြင်သမျှစိတ်ပျက်အောင်လှပါသော ချစ်ရိုးခင်ဖိုး ကျွှကျူပါအောင်ကပ်ဆိုးခဲ့ရသည့် မိသိန်းအေး(ခေါ်) လှတိုးကွဲမိန်းမကျော်အားလည်းကောင်း၊ ကျွန်တော်အကြည်တော် (ထာဝရဂေါ်) မှ ဤစာတန်းငယ်ဖြင့် ပဏာမတော်ရော်ပါသည်။

## ပြည့်သူ့ဂါ(လ်)ပိ အဆွေကြည် ...။

(ပစ္စည်းနဲ့အုပ်စု)

အမည် - (၂၁) ရာစု တို့အကြည်တော်။

အထုပ်အမှတ် - (၃၄)

နိုင်ငံကျော်အပေအတေ၊ နယ်လှည့်ဆတ်ဆလူး။

မသမာဆုံးမျက်လုံးပိုင်ရှင်။



www.burmeseclassic.com



မိသိန်းအေးတို့ရွာက ကျွန်တော် တို့ မြို့နဲ့ကပ်လျက်ပဲ။ ကျွန်တော်တို့ မြို့က ထွက်လိုက်တာနဲ့ သူတို့ရွာကို ရောက်ပြီ။ ဒါပေမယ့် သူတို့ရွာကို တော်ရုံလူ ဘယ်သူမှ မရောက်ဖူးဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ ရွာက မြို့နဲ့ကပ်လျက် ဆိုပေမယ့် ကားလမ်းမပေါ်မှာမဟုတ်ဘူး။ အဲဒီလမ်းမကြီးကနေ တစ်မိုင် သာသာလောက် ဝင်လိုက်မှ သူတို့ရွာကို ရောက်ရတာကလား။ နောက်ပြီး ထူးခြားတာက သူတို့ ရွာရဲ့ထိပ်မှာ သချိုင်းကြီးရှိတယ်။ ရွာကိုဝင်မယ်ဆိုရင် အဲဒီ သချိုင်းကိုဖြတ်ပြီးမှ ဝင်လို့ရတာ။ သချိုင်းကိုဖြတ်ပြီး တောတန်းကြီး ရှိသေးတယ်။ အဲဒီ တောတန်းကြီးရဲ့ အဆုံးမှာမှ လျှိုကြီး တစ်ခု။ အဲဒီ

လျှိုကြီး ထဲမှာမှ မိသိန်းအေး(ခေါ်) ကျွန်တော့်ရဲ့လှအိုးကွဲတို့ရွာရှိတယ်။

သူတို့ရွာဟာ အတွန့်ရှုံမြစ်နဲ့ကပ်လျက် တည်ရှိပေမယ့် မြစ်ရေမျက်နှာပြင်ထက်ကို အတော်ကြီးကို နိမ့်ဝင်နေတော့တာပါပဲ။ ရွာကုန်းမြေပေါ်မှာမဟုတ်ဘဲ လျှိုကြီးထဲမှာရှိတာကိုး။ ဒါကြောင့် မြစ်ဘက်ကကြည့်ရင်လည်း 'တော'။ ကုန်းမြေဘက်ကကြည့်လည်း 'တော'နဲ့ ရွာက ဘယ်သောအခါမှ အဲဒီရွာကိုမမြင်ခဲ့ရဘူး။ ရွာကလျှိုကြီးထဲမှာရှိနေတာကိုး။

တခြားလူမပြောနဲ့။ မြို့မှာ ဆတ်ဆလူးထလှုပါတယ်၊ လွန်စွာကမြင်းကြောရှည်ပါတယ်လို့ နာမည်ကြီးလှပေသောသော ကျွန်တော်တို့လိုယောင်စိန်ကောင်တွေတောင် မသိခဲ့ဖူးဘူး။

ရွာက အိမ်ခြေခြောက်ဆယ်ပတ်လည်လောက်ရှိမယ်ထင်တယ်။ တစ်ရွာလုံး မွန်လူမျိုးတွေချည်းပဲနေတဲ့အပြင်၊ ရွာသူရွာသားအားလုံးဟာ ကျွန်တော်တို့ မြို့ဘက်ကို ခြေဦးမလှည့်ကြဘူး။ သူတို့ရွာနီးချုပ်စပ်လောက်သာ လှည့်လည်သွားပြီး လုပ်ကိုင်စားသောက်နေကြတာကိုး။

မြို့ကလူတွေကလည်း သူတို့ဆီမရောက်၊ သူတို့ကလည်း မြို့ကိုမရောက်နဲ့ တကယ့်ကိုပျောက်ဆုံးနေတဲ့နယ်မြေကလေးကို ဖြစ်နေတော့တာ။

အဲဒီလို တည်တည်ငြိမ်ငြိမ်၊ လှုပ်လှုပ်မရှိတဲ့ ရွာကလေးမှာ ခုနကျွန်တော်ပြောတဲ့ လှလှလေး မိသိန်းအေးလည်းရှိတယ်လေ။

မိသိန်းအေးနဲ့ ကျွန်တော် စတင်တွေ့ရှိပုံက ဝတ္ထုထဲကလို၊ ရုပ်ရှင် ထဲကလို မဟုတ်ဘဲ ရိုးရိုးရှင်းရှင်းတွေ့ခဲ့ကြတာပါ။

ကျွန်တော်က အဲဒီတုန်းက ဆောက်လုပ်ရေးဆိုဒ်တစ်ခုမှာ အင်ဂျင်နီယာတစ်ယောက်ရဲ့နောက်လိုက်နေချိန်၊ မိသိန်းအေးတို့ ရွာကလည်း အဲဒီအချိန်မှာ သူတို့ရွာလယ်ချောင်းအတွက် ကွန်ကရစ်တံတားထိုးဖို့ ပြင်ဆင်နေချိန်စသည်ဖြင့် အကြောင်းဆုံပြီး တွေ့ခဲ့ကြတာပါ။

ဆုံတွေ့ပုံက လွယ်ပါတယ်။ သူတို့က ကွန်ကရစ်တံတားဆိုတာ ကိုမဆောက်တတ်လို့ ကျွန်တော်တို့ကို လာငှားကြပါတယ်။ ဒါ ပါ ပဲ။ ဒါကို

www.burmeseclassic.com

ကျွန်တော့်အင်ဂျင်နီယာက မလိုက်နိုင်လို့ ကျွန်တော် ဦးစီးပြီး သူတို့ရွာလေးရဲ့ ဆဲတားကိုသွားပြီး ထိုးပေးခဲ့ရပါတယ်၊

ကျွန်တော်က ဘာမှသာ ကျွမ်းကျွမ်းကျင်ကျင်မလုပ်တတ်တာ။ ဟိုယောင်ဒီယောင်၊ ဟိုနိုင်းဒီနိုင်းက ပိုင်တယ်ဗျ။ ဒါကြောင့် ကျွန်တော့်အင်ဂျင်နီယာဆို ကျွန်တော့်ကို မလွှတ်တမ်းလက်တွဲလာတာ။ သူက ကျွန်တော့်ကို ့ ်းရင် ကျွန်တော်က နောက်တစ်ယောက်ကို ပြန်ခိုင်းတယ်။ သူက ဦးဆောင်လုပ်ရင် ကျွန်တော်က အနောက်ကလိုက်တယ်။ သူပင်ပန်းတဲ့အချိန်ဆို ကျွန်တော်နားနေတယ်၊ သူ စကားပြောတဲ့အခါ 'ဟုတ်တာပေါ့၊ မှန်တာပေါ့၊ လုပ်သင့်တာပေါ့' စသည်တို့ကိုလေကျကြီးနဲ့ မြိန်မြိန်ကြီးထောက်ခံပေးတယ် . . ဟုတ်တယ်လေ သူမှား သူခံပဲ။ ကျွန်တော်ကတော့ မသိဘူး လုပ်မှာပဲ . . ပြောင်ပြောင်ပဲ။

အင်ဂျင်နီယာဆိုတဲ့ အမျိုးက စာချိုးတောင်ရှိတယ်။

အင်ဂျင်နီယာတစ်ယောက် အူအတက်ပေါက်လို့ ဗိုက်ခွဲရပါလေရော . .။ အဲဒါကို ဆရာဝန်တွေက ဗိုက်ခွဲပြီး အူအတက်ဖြတ်ပေးတယ်။

သူတို့တွေမရှိမဖြစ်သုံးရတဲ့
သီအိုရီ‌ဗိုက်(ပြဲ)တို့
လည်တာယ်(လ)တို့ကြည့်တာ
အတော်ကျွမ်းသေး





အားလုံး အိုကေဆိုမှ ဗိုက်ကို ပြန်ချုပ်ပေးလိုက်တာ ဗိုက်ထဲ ကတ်ကြေးတစ်လက်က ကျကျန်ခဲ့ရော . .။ အဲဒါကို သိတဲ့လူတစ်ယောက်က အင်ဂျင်နီယာကို မေးတယ်။

"ခင်ဗျားဗိုက်ထဲမှာ ကတ်ကြေးတစ်လက် ကျကျန်ခဲ့တာ ခင်ဗျား မသိဘူးလား"

ဆိုတော့ အင်ဂျင်နီယာက ဘေးဘီဝေ့ကြည့်ပြီး . . .

'ရှူး . . တိုးတိုးလုပ်ပါဗျ။ ဆရာဝန်တွေကြားသွားလို့ ပြန်တောင်းသွားဦးမယ် . . ငါ့ဆီရောက်တဲ့ ပစ္စည်း ငါ့ပစ္စည်းပဲ'

သူပြောင်ပြောင်၊ ကိုယ်ပြောင်ပြောင်ပဲ။

သူလည်း သူ့အလုပ်ရှင်က ရအောင်ကျစ်တယ်။ ကျွန်တော်ကလည်း အင်ဂျင်နီယာတွေဆီက ပြန်ကျစ်တယ်၊ ကျွန်တော်တို့ ကျစ်သမျှငွေကို အလုပ်ရှင်ကစိုက်ရှင်းပေးရတယ်။ ဒါပဲ . . .။

အင်ဂျင်နီယာတစ်မျိုး၊ ရှေ့နေတစ်မျိုး၊ ဘယ်လိုကုသိုလ်ထူးခဲ့တယ် မသိပါဘူး။ ပါးစပ်လှုပ်တာနဲ့ ပိုက်ဆံရတယ်။ ဥပမာ Construction တစ်ခုကိုလုပ်မယ်။ တွက်ခိုင်းပြီဆိုတာနဲ့ သူ့အတွက် နှစ်ဆယ်ရာခိုင်နှုန်းပါပြီးသား၊ ရှေ့ရောင်းသလိုပေါ့။ ရောင်းလိုက်တာနဲ့ အလျော့တွက် လက်ခနှုတ်ပြီးသား . .

'အဲလို . .'

ထားပါတော့ ကျွန်တော့်အကြောင်းပဲ ဆက်ပြောရအောင်။

(၂-၃-၅)

www.burmeseclassic.com

ကျွန်တော်က အဲဒီအင်ဂျင်နီယာတွေ နောက်လိုက်ပြီး အလုပ်လုပ် ရတော့ သူတို့တွေမရှိ မဖြစ်သုံးရတဲ့ သီအိုဒိုလိုက်(စ်)တို့ လယ်ဘယ်(လ်) တို့ ကြည့်တာ အတော်ကျွမ်းသဗျ။

အဲဒါတွေကြည့်ရတာ လွယ်လှတယ် တော့ မဟုတ်ဘူး။ မျက်နှာပြင် ရေပြင်နဲ့ ဟိုဘက် ကဆုံမှတ် ထပ်တူကျမကျကို အတိအကျကြည့်ရ တာမှဖြစ်တာဗျ။ အဲဒီ မှန်ဘီလူးချိန်ရတာကို အတော်ခက်တယ်။ နည်းနည်းမှလွဲလို့မရဘူး။ လွဲတာနဲ့ ကိုယ်ဆောက်တဲ့ဟာကြီး စောင်းပြီသာ မှတ်။ ဒါပေမယ့် ကျွန်တော်တို့က လုပ်နေကျ ဆိုတော့ အဲဒီအပိုင်းကို ကျွမ်းကျင်တယ်။ တချို့



www.burmeseclassic.com



အင်ဂျင်နီယာပေါက်စ တွေကိုတောင် ကျွန်တော်သင်ပေးခဲ့ရသေး တယ်။ ကျွန်တော်တို့အဖွဲ့မှာတော့ တံတားတွေ ဘာတွေဆောက်ရင် ကျွန်တော်ပဲ လိုက်ကြည့်ခဲ့တာပဲ။ မယုံရင် မီသိန်းဇေးတို့ရွာက တံတားကို ပဲကြည့်လေ။ ကွန်ကရစ်တံတားနော်၊ ပေတစ်ရာနီးပါးရှည်တယ်။ ကျွန်တော်ပဲ သီအိုဒိုလိုက်(ဒ်)တို့ လယ်ဘယ်တို့ချိန်ပြီး အသေအချာ ပန္နက်ရိုက် ဆောက်ခဲ့တယ်။ တံတားပြီးသွားတော့ ကွက်တိဗျား။ ခုနစ်ပေတိတိကို စောင်းနေတာ။ ဘာကြောင့်လဲဆို တံတားရဲ့ ညာဘက်ပန္နက်နဲ့ ရေချိန်တိုက် ရမှာကို ဘယ်ဘက်ပန္နက်နဲ့ရေချိန်တိုက်လိုက်လို့ တံတားတစ်ခင်းစာလေး လွဲသွားတာကလား။ ကျွန်တဲ့ဟာတွေဆို ပြောမနေ နဲ့တော့၊ ကံရှိသလောက် တော့နေရမှာပေါ့။ ကျွန်တော်တို့လုပ်ခဲ့တဲ့ဟာ တွေထားပါဦး။ မီသိန်းဇေးနဲ့ တွေ့ရှိပုံကိုပြောပြမယ်။

(၃)

အမှန်တော့ မိသိန်းအေးတို့က အဲဒီရွာခံလူတွေ၊ သိတဲ့အတိုင်း ရွာသူရွာသားတွေက တောသူတောင်သားတွေဆိုတော့ လူစိမ်းသူစိမ်းလာပြီဆို စိတ်ဝင်စားကြ၊ ခင်မင်ကြဆိုတော့ မကြာခင်မှာပဲ ကျွန်တော့် ဆိုဒ်ထဲမှာ အလုပ်လာလုပ်တယ်။ မိသိန်းအေးမှ တင်မဟုတ်ပါဘူး၊ တစ်ရွာလုံးရှိ ဖိုးဖို ဘိုဘို အားလုံး အလုပ်လာလုပ်ကြတယ်။ အဲဒီအချိန်က သူတို့ရဲ့နေ့တွက်က တစ်နေ့ရှစ်ဆယ်၊

ရှစ်ဆယ်ဆိုတဲ့ ငွေကိုနည်းတယ် လို့မထင်နဲ့၊ မိုးတွင်းဘက်သူတို့ လယ်အငှားလိုက်စိုက်ရင် တစ်နေ့ ခြောက်ဆယ်ပဲရတာ၊ ဒါတောင် ရွာပြောင်းစိုက်ရတာ၊ 'ရွာပြောင်းစိုက်ရတယ်ဆိုတာ ဒီလိုပါ၊



တခြားရွာက ကောက်စိုက်ဖို့ခေါ်ရင် ရွာတွေက ဝေးတော့၊ နေ့စဉ်သွားလိုက်ပြန်လိုက် မလုပ်နိုင်ဘူး။ ဒါကြောင့် သူတို့စိုက်မယ့်လယ်ရှိရာ တဲထိုးပြီး ကောက်စိုက် သူအားလုံး သွားပြောင်းနေကြတယ်၊ စပါးစိုက်ဖို့ကာကုန်မှ တဲဖျက်ပြီး ရွာပြန်၊ အဲလိုနေကြတာ၊

သူတို့ကောက်စိုက်တာလည်း ဘာမြန်သလဲမမေးနဲ့။ တစ်ကောလောက်စိုက်စရာရှိရုံနဲ့ သူတို့မလိုက်ဘူး။ သူတို့စိုက်လိုက်လို့ ခဏနဲ့ပြီးသွားရင်မကိုက်ဘူးလေ။ ဒါကြောင့် လယ်ရှင်တွေဆို ဒီရွာသူတွေခေါ်မယ်ဆို ဧကများမှ ခေါ်လို့ရတာ၊ နောက်ပြီး လယ်တွန်ကနေ ကောက်စိုက်အပြီးထိ ပုတ်ပြတ်ငှားလို့လည်းရတယ်။ ဒီမိန်းမတွေပဲလုပ်တာ။ လယ်တွန်လည်း သူတို့၊ ကောက်စိုက်လည်းသူတို့ပဲ၊ ဒါကြောင့် မိန်းကလေးတွေ ခြေသလုံးထွားတာ။ အလုပ်အရမ်းလုပ်ကြတာကိုး၊ ဒီလောက်အလုပ်တွေလုပ်လို့ဆင်းရဲတယ်မထင်နဲ့ မိသိန်းအေးတို့အရွယ်ရွာသူတိုင်းဟာ ရွှေငါးကျပ်သားလောက်အသာလေးစုထားပြီးပြီ၊ သူတို့ကအလုပ်လုပ်ပြီး ရသမျှသပိတ်ဝင်အိတ်မင်ပဲ၊ ဘာမှကုန်ကျစရာမရှိဘူးဆိုတော့က ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်အရွယ်ထဲက တစ်မျိုးပြီးတစ်မျိုးလုပ်ပြီးရထားကဲ့သုစ်ခံ့ားတော့ ဘယ်တော်ရုံလူသူတို့လောက်ချမ်းသာနိုင်မလဲ၊ ချမ်းသာတာလည်းသူတို့မသိကြဘူး လုပ်စရာရှိရင်ဘာအလုပ်ဖြစ်ဖြစ်လုပ်နေကြတာပါပဲ။ ဒါကြောင့်လည်း ခြေသလုံးထွားကြတာပေါ့။

မိသိန်းအေးလည်း ထို့နည်းတူစွာပဲ ခြေသလုံးထွားတယ်။ သူ့မှာအချိုးအစက်အစုံရှိတယ်၊ လှကောင်းထွားတယ်။ ကိုယ်လုံးပြားတယ်။ ခြေသလုံးကြီးတယ်။ ရစ်သေးတယ်၊ နဖူးမောက်တယ်။ ဆံထောက်ထားတယ်။ အသံကြွတယ်၊ ကဲ . . ဘာကျန်သေးလဲ၊ ကျွန်တော်လည်း ကြုံကြိုက်လွှန်းလို့သိတာပါ၊ နောက်မဟုတ်ရင် ဘယ်လွယ်မလဲ၊

အဲဒီတုန်းက နေအင်မတန်ပူတဲ့ နွေရာသီမှာပေါ့၊ အလုပ်ကကျောက်သယ်ရမယ်၊ နေကလည်း မီးတွက်မတတ်ထရှိန်ရှိန်တောက်နေ၊ ကျွန်တော်လည်း သူတို့ပုံထားတဲ့ ကျောက်ပုံကြီးထိပ်မှာ ထက်ရပ်နေတယ်။

အဲဒီကျောက်ပုံကလည်း ဆယ့်ခံလေးပေ၊ ဆယ့်ငါးပေလောက် မြင့်

www.burmeseclassic.com

ပါတယ်။ မိသိန်းအေးအပါအဝင်အလုပ်သမား အမျိုးအဒိုတွေအားလုံး ကျောက်ပုံကို ခေါင်းမှီပြီး နေပြင်းလွှန်းလို့နားနေကြတာ။

ကျွန်တော်တို့အလုပ်က လေးဆယ့်ငါးမိနစ်လုပ်၊ ဆယ့်ငါးမိနစ်နား၊ အဲဒီလိုလုပ်ရတာ။ ဒီတစ်ခါသူတို့နားတာက အတော်ကြာတယ်။ အချိန်ကလည်း တစ်နာရီဆိုတော့ နေကျက်ကျက်ပြင်းတဲ့အချိန်ဖြစ်နေတာကိုး။ ဒါပေမယ့် ကျွန်တော်က သူတို့ရဲ့ ခေါင်းဆောင်ဆိုတော့ အလုပ်သမားတွေ အလုပ်လုပ်အောင် နှိုးဆော်ရတာပေါ့။

'ကဲ . . ကဲ . . ထကြ . . ထကြ . . ခုနကခွဲထားတဲ့အတိုင်း ကျောက်သယ်သူသယ်၊ သဲသယ်သူသယ်ကြ'

ဆိုတော့ တစ်ယောက်မှ မလှုပ်ဘူးဗျ . . ။ အောင်မာ . . ပေကပ်ကပ်နဲ့ ကြည့်ပြီးပြုံးစိစိ နေကြတယ်။ ခါတိုင်းဆို ဒီလိုမဟုတ်ဘူး။ ကျွန်တော် လုပ်ဆိုတာနဲ့လုပ်၊ ကျွန်တော်နားဆိုမှနားရတာ။ အခုတော့ တောင်းငန်းငန်း ပြန်ကြည့်ပြီး လှုပ်တောင်မလှုပ်တော့ ကျွန်တော်လည်း ဒေါသထွက်သွားပြီး

'ဟိတ်ကောင်မတွေ နင်တို့ကိုပြောနေတာ၊ နင်တို့အလုပ်ချိန် နင်တို့မသိဘူးလား ထကြစမ်း၊ အခုထကြစမ်း'

ဆိုတော့မှ မိသိန်းအေးက အရင်ဆုံး ခုန်ထလာပြီး . .

'ဒီမှာ ဒီလောက်ပူနေတာ မမြင်ဘူးလား၊ ဒီအချိန်ကြီး လုပ်ရရင် သေကုန်မှာပေါ့'

ဆိုပြီး ထဘီပြင်ဝတ်လိုက်တော့ အားလုံးလည်းထလာပြီး . . .

'တေးလေ . . အလုပ်ရှင်ဆိုပြီး ကိုယ်ချင်းစာစိတ်ကို မရှိဘူး။ ဒီမှာအလုပ်လည်း ပင်ပန်း၊ နေလည်းပူ သူမို့ကိုယ်ချင်းမစာတာတယ်'

ဆိုကာ ရန်ဖြစ်ဖို့ ထဘီပြင်ဝတ်ကြတယ်၊ ကျွန်တော့်မျက်ပေတုံးကလည်း ဝင့်တယ်ဆိုရုံလေး . .

အားလုံးနှစ်ဆယ့်လေးယောက်လားပဲ . . ။ ကိုယ်ကလည်း စာရေးဆရာဖြစ်မယ့်ကောင်မို့လား၊ အပေါ်စီးကပဲကြည့်ရလို့လားမသိဘူး၊ ဖော်ခနဲ့ ဝေ့ကြည့်လိုက်တာ လားလား . . . အဟဲ ဘာမှမဟုတ်ဘူး။ သူတို့ ကျွန်တော့်ကိုရွဲ့တာ ကျွန်တော်ပေဟုသုတတစ်ခုတိုးသွားတာပေါ့။ ဒါပါပဲ။ အဲဒါလည်း



www.burmeseclassic.com



မိသိန်းအေးကောင်းမှုပါပဲ။ သာဓု . . သာဓု . . အဲလေ . . ယောင်ကုန်ပြီ။

နောက်ပြောစရာကျန်သေးတယ်ဗျ၊ သူတို့တစ်ရွာလုံး ကလေးကအစ အရွယ်စုံ မွန်စကားပဲပြောကြတာဗျ။ ဗမာစကားမပြောဘူး။ မပြောတတ်လို့လားဆိုတော့ မဟုတ်ဘူး၊ ပြောတတ်တယ်၊ ဒါပေမယ့် သူတို့စကားနဲ့ပြောရရင် အာမတိဘူး၊ စေးစေးပိုင်ပိုင်မရှိဘူးပေါ့၊ ဗမာစကားကိုလည်း ကောင်းကောင်းနားလည်တယ်၊ ဒါပေမယ့် မွန်လိုပဲ ပြန်ပြောတယ်၊ ကျွန်တော်တို့ကိုလည်း အဲဒီလိုပဲပြောတယ်၊ သူတို့က မွန်လိုပြောတယ်၊ ကျွန်တော်တို့က ဗမာလိုပဲ ပြန်ပြောတယ်။ အဲ . . မွန်စကားနားမလည်ရင် သူတို့ရွာအလုပ်သွားလုပ်ကြည့်၊ ကျိုင်လတ်ပြီ ငါ့ကောင်ပဲ . . ။

မိသိန်းအေးနဲ့ ကျွန်တော်ကလည်း အဲဒီလိုပဲ သူက မွန်လိုပြော၊ ကျွန်တော်က ဗမာလို ပြန်ပြောနဲ့ အဆင်ကိုပြေနေတာ၊ ထားပါတော့။

အနေကြာလာတော့လည်း သိတဲ့အတိုင်း တာဝန်ဖြစ်ရင်တောင် ဘယ်မျောက်ဝံမချောလဲဆိုတာ ခွဲခြားတတ်ကြတာပဲ . . ။ ကြည့်ရင်း ကြည့်ရင်း မိသိန်းအေးက ချောချောလာတယ်၊ ဒီလိုနဲ့ပဲ တတ်လမ်းကြတာပေါ့။

❖❖❖

မိသိန်းအေးနဲ့ ကျွန်တော်က အလုပ်မှာသာ ကျွန်တော်က ဆရာ။ အပြင်မှာကျ ကျွန်တော်က သူ့ကိုကြောက်ရသဗျ။ ကြောက်ရခြင်းအကြောင်း ရင်းက သိမှာပေါ့။ ကိုယ်က သူ့ကို သွားကြိုက်နေတာကိုး။ ဒါကြောင့် မြန်မာပြည်အလုပ်ရှင်ပီပီ အလုပ်သမားတွေ အလုပ်မဆင်းခင် အလုပ်ဆင်း၊ ပြီးရင် ရွာထိပ်ထန်းတဲမှာ ထန်းရည်လေးတမြမြလုပ်ပြီး မိသိန်းအေး အလုပ်ဆင်းချိန်စောင့်ရတော့တာပေါ့။ ကျွန်တို့ရွာသူတွေကလည်း သိကြတယ်။ ရွာထိပ်မှာထန်းရည်ခွက်နဲ့ ကျွန်တော့်ကိုတွေ့ပြီဆို ရှောင်ပေးကြတယ်။ သူတို့ကလည်း သဘောက တူချင်ချင်ဟာကိုး ...။ သူတို့ရွာက သူတစ်ယောက်လောက်

www.burmeseclassic.com

မြို့သားနဲ့ပေးစား ချင်ပုံရတယ်။

နောက်ပြီး..

ကျွန်တော်ကလည်း နိုးသားတယ်လေ ...။ ထန်းရည်အရက်ကလေး ရံဖန်ရံခါ သောက်တတ်တာ ...။ မှသားစကားလေးပြောတတ်တာ၊ကြက်ပိုင်းတွေဘာတွေမှာမဆိုစလောက်ဝင်ကစားတတ်တာ၊ မိန်းကလေးချောချောလေးတွေ့ရင်ပြောင်ကြီးလိုက်ကြောင်တတ်တာ၊ မူးလာပြီဆို တစ်ခါတစ်ရံ ရန်ဖြစ်တတ်တာပဲရှိတာ၊ မမူးဘဲနဲ့လည်း တစ်ခါတလေရစ်တတ်တာ၊ ဖဲနဲ့လောင်းကစားလေး နည်းနည်းစွတ်တာ၊ ဆေးလိပ်ကလေးကွမ်းကလေး မဆိုစလောက် တစ်နေ့လုံး ဆောင်ထားတတ်တာကလွဲရင် ကျွန်တို့အချိန်ဆို လူရိုးဆိုတော့ သူတို့ သဘောကျတာပေါ့။ ဘာပဲပြောပြော ညအိပ်ချိန်လောက် ရိုးသားတာနည်းလား။ တချို့ ညလုံးပေါက်

ရွာထိပ်ထန်းတဲမှာ
ထန်းရည်လေးတမြမြလုပ်ပြီး
မိသိန်းအေးအလုပ်ဆင်းချိန်
စောင့်ရတော့တာပေါ့။



သောင်းကျန်းနေသူတွေ ရှိသေးတာပဲ ဟုတ်တယ် ကိုယ်တွေ့ 'အဲလေ . . ယောင်လို့ . . ဟုတ်ဘူး' ဒါကြောင့် သူတို့ ကျွန်တော့်ကို သဘောကျကြတာ ဖြစ်မယ်။ ဒါကြောင့်လည်း ရှောင်ပေးကြတာထင်တာပဲ။ ယုံလို့ ရှောင်တာပဲ ဖြစ်မှာပေါ့။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အခွင့်အရေးရတယ် ဆိုပြီး ပျော်း . လို့ သိတယ်မဟုတ်လား အလကားရမယ်ဆို ချိုလိမ်တောင်ဝင်တန်းစီမယ့်လူ။

ဒီလိုနဲ့ မိသိန်းဒေးနဲ့ကလည်း ရင်းနှီးလာပြီး သူကပဲ ကျွန်တော့်ကို မျက်စိပြန်ကျသလိုဖြစ်လာရော။ အဲဒီအချိန်မှာပဲ ဖြစ်ချင်တော့ တစ်ဖက်ရွာမှာ ဘုရားပွဲနဲ့ ကြုံပါလေရောလား။ ကျွန်တော်ကလည်း အကြံသမားဆိုတော့ ကိုယ့်အလုပ်သမားအားလုံးကို ကြေညာလိုက်တယ်။

"မင်း . ဖားလုံးကိုဘုရားပွဲလိုက်ပို့မယ် . . . စားသောက်သုံးဒကာခံမယ်" ဆိုပြီး။

အားလုံးကလည်း ဘာပြောကောင်းမလဲ။ ပွဲလည်း အလကားကြည့်ရမယ် မုန့်လည်း အလကားစားရမယ်ဆိုတော့ တပျော်တပါးလိုက်ကြမယ်ပေါ့။

"ကောင်းပြီ . . . ဟီဟီ . . . ကောင်းပြီ . . . ."

အဲဒီတုန်းက မှတ်မိသေးတယ်။ ကျွန်တော့်မှာရှိသမျှ လေးဘမ်းထည်ထဲကမှ အကောင်းဆုံးတစ်ဖက်ဝါ တစ်ဖက်ပြာဘောင်းဘီရှတ်ကြီး ဆုတ်ဝတ်လို့ ဟွန်းငါကွ . . . ဘာရမလဲ။ တစ်ဖက်ဝါ တစ်ဖက်ပြာဆိုလို့ အထင်တော့မသေးနဲ့ဗျ။ အဲဒီအချိန်က ဖက်ရှင်မင်းသားတွေလည်း ဒါမျိုးပဲ ဝတ်ကြတာ။

ရွာမှာကလည်း ဗီဒီယိုလေးများတောင် မရှိလေတော့ ရန်အောင်မသိဘူး၊ လွင်မိုး မသိဘူး၊ ခိုင်သင်းကြည်မသိဘူး၊ နန္ဒာလှိုင်မသိဘူး၊ သူတို့သိတာက မော်လမြိုင်မြို့ပေါ်က ကတီးကတီးလာလာပြီးကြည့်ကြည့်နေရတဲ့ ပြဇာတ်မင်းသား လူဇော် သိတယ်၊ ဆန်းဝင်းကြည်သိတယ်၊ စိုးမိုးအောင်တို့သိတာဦးတို့သိတယ်၊ ကုန်းမြင့်ခိုနီတို့ဘာတို့ပေါ့။ သူတို့ကလည်း ကျွန်တော့်လောက် နီးနီးပဲဝတ်ကြတာဆိုတော့ မိသိန်းဒေးမျက်စိထဲမှာ

ကျွန်တော့်အပေါ်မှာ သူ့ဟင်းအိုးကတော့ ကွက်တိပဲ။

မိသိန်းဒေးမှာလည်း ပြင်ဆင်ထားတာ သိတာဦး ရှိုးတယ်။ (ကျွန်တော်လည်း သူတို့လိုလိုက်ပြောတာပါ။) ပန်းရောင်အင်္ကျီအပြောင်သားနဲ့ထဘီအနီ ဝတ်ထားတယ်။ လက်ထဲမှာ ဝတ်ထည့်ထားတဲ့ ရွှေဆိုတာ တံတောင်ဆစ်လောက်ထိရှိတယ်၊ အလုပ်လုပ်ထားသမျှထဲက ဝယ်စုထားတာ . . တဲ့၊ လည်ပင်းမှာလည်း ဆွဲကြိုးသုံးကုံး၊ အဲဒီအပေါ်ကမှ မာဖလာကြီးဝတ်ထားသေး၊ နောက် ခင်သန်းနုခေတ်က မျက်မှန်ဝိုင်းအနက်ကြီးတပ်ထားသေး၊ ညဘက် မှောင်မှောင်မှာ မျက်မှန်နက်ကြီးတပ်ထားတော့ သူဘာမြင်ရလဲ ကျွန်တော်မသိဘူး၊ ဒါပေမယ့် စတိုင်ကမှည်တယ်၊ အဲ . . . ဒီနှပ်တော့ မပါဘူး။ ကိုယ့်တိုင်ကိုက မစီးတတ်တာပဲလားမသိဘူး။ မေးကြည့်တော့ . . . .

"ပွဲဈေးမှာ ဟိုထိုင်ဒီထိုင်နဲ့ဆိုတော့ အဖိုးခံရမှာစိုးလို့"

တဲ့ . . .

"ဒီနှပ်ဖင်ခုထိုင်တော့ရော ဘယ်သူခိုးမှာလဲ . ."

ဆိုတာတောင် သူက . .

"ဒီနှပ်ကလေးက အသစ်ကလေး၊ သမီးဆယ့်လေးနှစ်သမီးထဲကဝယ်ထားတာ၊ အခုနှစ်ဆယ့်လေးနှစ်အထိ နှစ်ခါပဲစီးရသေးတာ၊ အဲဒီတော့ ဖင်ခုထိုင်လိုက်ရင် ဒီနှပ်အသစ်ကလေးပြားသွားမှာပေါ့"

ဘာမှမပြောတော့ပါဘူး ဒီနှပ်မပါလည်း မိသိန်းဒေးပဲဟာ . . . ဒီနှပ်တင်မကပါဘူး ဘာမှမပါလေ ဗိုကောင်းလေ၊ အဲ ဆောရီး . . ရွှေတွေငွေတွေပြောပါတယ် . . .

ဘာပဲပြောပြော . . အဲဒီညမှာတော့ မိသိန်းဒေးနဲ့ ကျွန်တော်နေနှိုလ ရွှေနှံပြီး အပဲမှိုနဲ့ ဟင်းအိုးကွက်တိပဲ . . ။

www.burmeseclassic.com

ကောင်မလေးများ စားနိုင်တယ်ဆိုတာအ ဟုတ်ဘူး၊ အိမ်ကသုံးရက် လောက်များ အငတ်ခံလာကြလေသလား မှတ်ရတယ်၊ မုန့်ဟင်းခါးကို ဘူးသီးကြော်နှိုင်းချင်းနဲ့ တစ်ယောက်သုံးပွဲလောက်စားတယ်၊ ပြီးတော့ လက်ဖက်ရည်တိုင်ကီ (ခွက်ကြီး) ရှယ်ဂလုတယ်၊ ပြီးတာနဲ့ အကြော်ဆိုင်သွားပြီး အကြော်တွေဝါးတယ်၊ ပြီးတော့ ပွဲခင်းထဲမှာ အိပ်ချင်ပြေ စားဖို့ဆိုပြီး မုန့်အစုံကို ကြွပ်ကြွပ်အိတ်နဲ့ထုပ်သွားသေးတယ်။

ကိုယ့်မှာလည်း မိသိန်းအေးမျက်နှာကြီးနဲ့ဆိုတော့လည်း ကုန်မှ ကုန်ရောပဲ ကျွေးရတော့တာပေါ့။

ဖတ်ကလည်း ဘာတွေကမှန်းကို မသိပါဘူးဗျာ၊ ကိုယ့်မှာမိသိန်းအေးနားကပ်ထိုင်ရတာဆိုတော့ တစ်ညလုံးရင်တွေပန်းတွေ ဖတ်ဖတ်ကိုတုန်ရော . .။

နှစ်ပါးသွားထွက်တော့ ကျွန်တော်လည်းမနေနိုင်တော့ဘူးဗျ၊ အိမ်ပြန်ချင်ပြီ၊ အိမ်ပြန်ချင်ရခြင်းအကြောင်းရင်းက အိပ်ငိုက်တာလည်းပါတယ်၊ ဟိုမှာစင်ပေါ်က မင်းသား တိုင်ကီထဲကျွမ်းထိုးပြ သေတ္တာပေါ်ကျွမ်းထိုးပြနဲ့ထွန့်ထွန့်လူးနေတာဆိုတော့ မျက်ပေတုံးကြီးနောက်တာလည်းပါတာပေါ့၊ အဲဒါနဲ့ . .

"မိသိန်းအေး . . ."

သူလှည့်ကြည့်တယ်၊ ပါးစပ်တစ်ဝိုက်မှာဆီကွက်ကြီးနဲ့ . . . အံမယ် . . မေးကိုဆတ်ခနဲဆပ်လိုက်သေး ဘာလဲဆိုတဲ့သဘောပေါ့ . .

"ငါတို့ပြန်ကြရအောင်၊ အိပ်လည်းငိုက်နေပြီ၊ နောက်ပြီး မနက်လည်း အလုပ်ဆင်းရဦးမှာ . ."

မိသိန်းအေးက သူ့သူငယ်ချင်းတွေကို လက်တို့ပြီး ပြန်ပြောတယ်၊ သူ့သူငယ်ချင်းတွေက မပြန်ချင်ဘူး၊ မိုးလင်းပေါက်ထိကြည့်ကြမယ်တဲ့၊ ဒါနဲ့ပဲ ကျွန်တော်က . . .

"သူတို့နေချင်နေခဲ့ကြပါစေဟာ . . နင်နဲ့ငါပဲ ပြန်ရအောင်"

သူ ကျွန်တော့်ကို အသေအချာပြန်ကြည့်တယ်၊ မသက်သာတဲ့အကြည့် . . .

"ငါ နင့်ကိုဘာမှမလုပ်ပါဘူးဟာ . . အိမ်တကယ်ပြန်ချင်လို့ပါ"

ဖြစ်ချင်တော့ ကျွန်တော်က ဗီနားတွေနဲ့ တစ်စိမ်းဖြစ်နေတယ်၊ သူတို့ထဲက တစ်ယောက်ယောက်လိုက်မပို့ရင် ပြန်ဖို့ကမလွယ်ဘူး၊ လမ်းလည်းမသိဘူး. . . အဲလို၊

အတော်ကြာမှ မိသိန်းအေးက ခေါင်းကိုလှုပ်ကာ ဖြတ်ဖြတ်နဲ့ကုတ်တယ်၊ ပြီးတော့မျက်ပေတုံးကြီးကိုက လယ်ပြီး ပေကလပ်ပေကလပ်လုပ်တယ် . . . အံမယ် သူ့စဉ်းစားနေရတယ်ပေါ့ တော်တော်ကြာမှ ဆီကွက်ကြီးထနေတဲ့ နှုတ်ခမ်းထော်ထော်ကြီးက သက်ပြင်းကို ခပ်ဆောင့်

www.burmeseclassic.com

ဆောင့်ချရင်းကို"အင်း" ဆိုပြီး ခေါင်းညိတ်ကာ ပြန့်ဖို့ သဘောတူလိုက်တယ်၊ ပြီး တော့ သူ့သူငယ်ချင်းတွေကို ကျွန်တော်တို့ ပြန်ကြ တော့ မို့ပြောတယ်၊ သူ့သူငယ်ချင်း တွေကလည်း သူ့ကိုတော် တော် စိုးရိမ်ပုံရတယ် မျက်နှာ တောင် ခပ်ဟဟမကြည့် . . ဇာတ်ဝင်ရင်း ကျွန်တော်တို့ နှစ်ယောက်ကို ပြီးပြီးရောပဲ . . ပြန်ဖို့ခွင့်ပြုလိုက်တယ်၊

အမှန် တော့ မိ သိန်းအေးကလည်း သိပ်ပြန် ချင်လှတယ်တော့ မဟုတ်ဘူး၊ ကျွန်တော့်ကို အားနာလှ လို့ သာ လိုက်လာတာ၊ သူ့ခမျာ ပွဲခင်းကို လှည့်ကြည့်လှည့် ကြည့်နဲ့ပါလာတယ်၊

ကျွန်တော်နဲ့ . . .

လရောင်အေး ဝင်းနေတာ၊ လယ်ကွင်းတစ်ခုကို အဖြတ် တိုက်ခတ်လာတဲ့ လေပြည်ကို ရှူရှိုက်ရင်း . . . .



လပြည့်ညမို့လား မသိဘူး၊ လရောင်လေး ဝင်းနေတာ၊ လယ်ကွင်းတစ်ခုကိုအဖြတ် တိုက်ခတ် လာတဲ့လေပြည်ကို ရှူရှိုက်ရင်းအေးနေတဲ့ မိသိန်း အေး မျက်နှာကိုကြည့်မိတယ်၊

ဖြာကျနေတဲ့လရောင်က သူ့မျက်နှာပေါ် ထိတစ်ချက်၊ မထိတစ်ချက်ပဲ၊ လေပြည်တိုက်လိုက် တိုင်း သူ့ရဲ့ဆံထောက်လေးဝဲဲသွားတာ လွတ်ကြည့် ကောင်း၊ ညဘက်မှာ မိန်းမတွေပိုလှတတ်ကြောင်း ကြားခဲ့ဖူးပေမယ့် ဒီညမှာတော့ အဲဒီအဆိုကို ပြည့် ပြည့်ဝဝကြီးလက်ခံလိုက်မိတယ်၊

မှတ်ခနဲ သူ့လက်ကိုလှမ်းကိုင်လိုက် တယ်၊ ဆတ်ခနဲ သူပြန်ရုန်းသွားတယ်၊ ပြီးတော့

www.burmeseclassic.com

မျက်စောင်းထိုးတယ်၊ ကျွန်တော် ပြုံးဖြီးဖြီးနဲ့ ဂုတ်ကပခုံးနှစ်ဖက်ကြား ပုလို လက်ယှက်ရင်း သွားဖြီးကြီးနဲ့ ခေါင်းခါပြလိုက်တယ်။ ဘာရယ်မဟုတ်ဘူး ဆိုတဲ့သဘော။ မိသိန်းအေးကလည်း မသိချင်ယောင်ဆောင်နေတယ်။ နောက်ထင်လည်း သူ့လက်ကိုကိုင်ဖို့မကြိုးစားဖြစ်တော့ဘူး။ သူ့ လက်က အလုပ်ကြမ်း အမြဲလုပ်နေရတဲ့လက်မို့ ကြမ်းသော်ထော်ကြီး၊ ကိုင်ရတာ ဘယ်လိုမှဖီး(လ်)မလာ။ ဒါကြောင့် လမ်းဘေးက စာခံကိုင်းတစ်ခုပဲချိုး ကိုင်ထားလိုက်တယ်၊ အင်း . . ဒါလေးကတောင် နုတုတုရှိသေး။

မသိမသာ သူ့လက်မောင်းလေးကိုတို့ကြည့်တယ်။ သူက ဆတ်ခနဲ ရှုန်းတယ်။ လက်မောင်းသားက ထစ်နေတာပဲဗျား။ ကျွန်တော့်လက်မောင်း ထက်တောင်ထက်သေးတယ်၊ ဆံပင်လေးကိုင်ကြည့်တယ် မထူးဘူး။ ဒီ အတိုင်းပဲ ကြမ်းကြမ်းကြီး၊ ဒါပေမယ့် လရောင်နဲ့မို့ သူ့မျက်နှာလေးက အမြစ်ကင်းစင် ၁ ဝင်းနေတယ်၊ ကျွန်တော် သူ့ကိုကြည့်ရင်း၊ ကြည့်ရင်းနဲ့ အသည်းက ယားယားလာတယ်၊ ဒါနဲ့ပဲ . . .

"မိသိန်းအေး . ."

သူဆတ်ခနဲ ဇော့ကြည့်တယ်၊ ကျွန်တော်ကသာ ကတုန်ကရင်နဲ့ ခေါင်းကိုငုံ့ပြီး . .

"ငါ . . ငါ နင့်ကိုချစ်နေသလိုပဲ"

"အကျည်းတန်ကို . . . နမ်းရက်လို့လားအစ်ကို . . ."

"ဟင်"

မိသိန်းအေးဆီက ထွက်လာတဲ့စကားသံကြောင့် ကျွန်တော် ကြောင်သွားတယ်၊ နောက်သူပြောတဲ့စကားက ခုလေးတင် ပူပူနွေးနွေးကြီး ကြည့်ခဲ့ရတဲ့ပြဇာတ်ထဲက စကားကြီး။ ကျွန်တော်လည်း တွန်းလက်စနဲ့မထူး တော့ပြီမို့ တစ်ရက်စာသိကွာအတွက် ခပ်ချရင်း ဝီသကြည်မြသော အသံ ဖြင့် . . .

"ဒီမှာမိသိန်းအေး . . . စိန့်ကောင်းကျောက်ကောင်းတွေ . . . ဘယ်သို့ပင် ကောင်းစေတော့ သူ့ခန်းဝါ သူ့ဌာနေမှာသာ တင့်တယ်တော့ ပေမပေါ့ . . . ဒါပေမယ့်မိသိန်းအေး . . . စီးပွားကုန်သည် လူ့ရပ်နယ်မှာ

"တော့ လိပ်သည်းကျောက်နဲ့ခင်းလမ်းမှ . . . နင်းလျှောက်လို့ကောင်း ပါတယ်"

"ဟာဟာဟာ . . . ကောင်းကင်ကကြယ်က ပင်လယ်ကိုမလွမ်းဘူး အစ်ကို . . ."

ဟင် . . . မိသိန်းအေး မိသိန်းအေး ဒါလည်း ခုနကကြည့်ခဲ့ တဲ့ပြဇာတ်နာမည်ကြီး။

အံမာ မိန့်မိန့်ကြီးပြောချပြီး သူ့စကားနဲ့သူ သဘောကျသလို ပြုံးပြီး ခပ်တည်တည်နဲ့ ဆက်လျှောက်နေတယ်။ မဟုတ်မှလွဲရော ဒီကောင်မ ဇာတ်ရွှင်နဲ့တူတယ်၊ တွေ့ကြပြီပေါ့ကွာ အာဂန္တုဇာတ်ရွှင်နဲ့ ဝမ်းတွင်းရွှေ။

"အဲဒါ ဝစ္စည်းမဲ့ဝါဒီငါ့ကို . . . နင် . ."

"ဟာ . ."

ကျွန်တော့် စကားမဆုံးခင် သူ့ဆီက အာမေဋိတ်သံ၊ သူ့ရွာထိပ် ကိုလှမ်းကြည့်ပြီး ငြိမ်ရပ်နေတယ်။ ကျွန်တော်လည်း လိုက်ကြည့်မိတော့ . .

"ဟာ . . သေပြီ . ."

ထူးထူးခြားခြား ဒီညကျမှ ရွာထိပ်မှာ ဗီဒီယိုပြနေတာနဲ့ ကြုံတယ်၊ ဗီဒီယိုဆိုတာလည်း ရွာမှာ အင်မတန်ပြခဲလှတာမို့ တစ်ရွာလုံးက လူစုံနေမှာ သေချာတယ်။ ဝင်ရမှာကလည်း ဒီတစ်လမ်းတည်းရှိတာ . .

"ဘယ် . . ဘယ်လိုလုပ်ကြမလဲဟင် . ."

မိသိန်းအေးရဲ့ ကတုန်ကရင်အမေး . . ။ ဟုတ်တယ်၊ မေးသင့် တယ်။ ရွာတွေမှာက မြို့တွေနဲ့ မတူဘူး။ မြို့မှာက ရည်းစားဖြစ်ဦး၊ ရည်း စားဖြစ်ပြီး အိမ်ထောင်မပြုနဲ့ ဦးရသေးတယ်၊ ဒါပေမယ့် ဒီရွာတွေမှာက တစ်ယောက်နဲ့ တစ်ယောက်တွဲပြီဆိုတာနဲ့ နာမည်ပျက်ပြီ။ အဲသည်လို နာမည်ပျက်ရင် ယူတော့ပဲ . . ။ ကဲ . . .

အခုဟာက သူက ကျွန်တော့်ကို ကြိုက်လားမသေချာဘူး။ ကျွန်တော်ကလည်း သူ့ကိုကြိုက်တယ်ဆိုတာ မသေချာဘူး။ ကိုယ်ကလည်း အဲဒီအချိန်မှာ သူများတွေ Color Blind ဖြစ်သလို ကိုယ့်မှာက Beauty Blind ဖြစ်နေတာ။ အလှအပကို ခွဲခြားလို့ ထက်တာမဟုတ်ဘူး။ အခု မိ

www.burmeseclassic.com

သိန်းအေးကို ယူပါဆိုလည်း . . . ကျွန်တော့်အတွေးမဆုံးလိုက် . . .

"ဘယ် . . . ဘယ်လိုလုပ်ကြမလဲ . . လို့ . ."

မိသိန်းအေးက ကယျာကယာမေးတယ်။ သူမျှာလည်း ကျွန်တော်နဲ့ နှာမဉ် အမျက်ခံချင်ပုံမပေါ်ဘူး။ ကျွန်တော်လည်း ရုတ်တရက်မို့ ဘယ်လို ဉာဏ်နီဉာဏ်နက်ထုတ်ရမှန်း မသိဘူး။ အတော်ကြာမှ . . အသေအချာစဉ်းစားပြီး . . .

"ဒီလိုလုပ် ရွာထဲဝင်တဲ့အချိန်မှာ နင်နဲ့ဘယ်သူတွဲလာတယ်မှန်း မသိအောင် ငါလုံချည်ခြုံသွား အဲ . . အကျီခြုံသွားမယ် . ."

ဟုတ်တယ်လေ . . ကိုယ်က ရှီးမျှားပြီး ဘောင်းဘီဝတ်လာတာကိုး။ မရှိတဲ့ ကာကျီလေးပဲ ချွတ်ခြုံရမှာပေါ့ . . ။

"နင်က ဒီအတိုင်းသွားပေါ့။ မဟုတ်ဘူးလား။ ဒီလိုဆို ငါ့ကို ဘယ်သူမှမသိနိုင်ဘူးပေါ့"

ကျွန်တော့်ကို မိသိန်းအေးက မျက်မှောင်ကြုတ်ပြီး ဆတ်ခနဲ ပြန်ကြည့်တယ်။

ပြီးတော့မှ . .

"အိုး . . အဲဒါဆိုလည်း သူတို့က ကျွန်မကိုမှတ်မိနေတာပဲ။ ကျွန်မယောကျ်ားတစ်ယောက်နဲ့ တွဲလာတယ်ဆိုတာ သိမှာပေါ့"

"အဲ . . ဒါလည်းဟုတ်တာပဲ"

သူပြောတော့လည်း ဟုတ်သား။ သူ့ကို ယောကျ်ားတစ်ယောက်နဲ့ တွဲနေမှန်းသိရင် စုံစမ်းကြမှာပေါ့ . . ။

အဲဒီကောင် ဘယ်သူလဲဆိုတာ . .

"အဲ . . အဲဒီတော့ . ."

ကျွန်တော့်ရဲ့အမေး။

သူမက ကျွန်တော့်ကို ခပ်တည်တည်ကြည့်ပြီး . . .

"ကိုကို (သူတို့အားလုံး ကျွန်တော့်မိသားစုက ခေါ်သလိုပဲ ကိုကိုလို့ပဲခေါ်ကြတယ်) ကိုကျတော့ ရွာက ဘယ်သူမှမသိဘူးလေ . . . ဒီအတိုင်းသွားလို့ရတာပေါ့"





"ဟင် . . ဒါ . . ဒါဆို နင်ကရော . ."

ကျွန်တော့်ရဲ့ ဇဝေဇဝါအသံ။

မိသိန်းအေးပါးစပ်က အဖြေမပြောဘူး။ သူ့လုံချည်ကို ဖျတ်ခနဲ ခေါင်းပေါ်ဆွဲတင်ကာ . .

"ကဲ . . သွားကြရအောင်"

ကျွန်တော် သူ့ကို ဘာမှမပြောနိုင်လောက်အောင် ကြောင်ငေးကြည့်နေမိတယ်။

မှန်တယ်။

သူဆုံးဖြတ်ချက်မှန်တယ်။

သူ့မျက်နှာကိုတော့ မမြင်ရတော့ပါဘူး။ ဒါပေမယ့် ခေတ်ကလည်း နိုင်ခင်ဦးတို့လို ထဘီတိုတို ခေတ်မဟုတ်လား။ ထဘီတတိုတော့လည်း၊ ကျွန်တော့် ဗဟုသုတနဲ့ကလည်း . . .

"ဝင်းခနဲ ဝင်းခနဲ . . လရောင်လက်တာကို ပြောပါတယ်"

၂၂၂

www.burmeseclassic.com

မိသိန်းအေးတို့ရွာမှာ တစ်နေ့တည်း မင်္ဂလာနှစ်ခုဆောင်ကြတယ်။ တစ်ခုက မနက်ပိုင်း၊ တစ်ခုက ညနေပိုင်း။

တစ်နေ့တည်း နှစ်မင်္ဂလာဖြစ်နေလို့ အချိန်ခွဲဆောင်ကြတာလားလို့ မိသိန်းအေးကို မေးကြည့်တော့ မိသိန်းအေးက . . .

"မဟုတ်ဘူး။ မနက်ပိုင်းမင်္ဂလာဆောင်က သူတို့သားက လာတောင်းတာ၊ ညနေပိုင်း မင်္ဂလာဆောင်ကျတော့ ခိုးရာလိုက်ကြတာလေ"

အဲဒီတော့မှ ကျွန်တော်လည်း ရှင်းသွားတယ်။ သူတို့ရွာမှာ ဘယ် လောက်ပဲချစ်ကြကြိုက်ကြလို့ခိုးပြေးကြပါစေ၊ မိဘလူကြီးများရဲ့ သဘော တူညီ

ချက်မပါတဲ့ရင် အဲဒါကို မင်္ဂလာအဖြစ်မသတ်မှတ်ဘူး၊ ဒါကြောင့် မင်္ဂလာ ရှိတဲ့ မနက်ပိုင်းမှာ မင်္ဂလာပေးမဆောင်ဘူး။ မိဘမောင်ဘွား သဘောတူပြီး တောင်းရမ်းတဲ့သူကျမှ မနက်ပိုင်းမင်္ဂလာဆောင်ခွင့်ရှိတယ်၊

ဒါကြောင့် သူတို့အချင်းချင်း စကားများတဲ့အခါ ညနေပိုင်း မင်္ဂလာ ဆောင်ခဲ့ရတဲ့သူက အရှုံးမျက်နှာငယ်တယ်။

"နင်က စကားကြီးကြီးကျယ်ကျယ်ပြောရအောင် မင်္ဂလာက ဘယ် အချိန်ဆောင်ခဲ့တာလဲ"

ဆို . . . သွားပြီ . . . ။

နောက်ပြီး ညနေပိုင်းမှာ မင်္ဂလာဆောင်ရင် ကြီးကြီးကျယ်ကျယ် လည်းလုပ်လို့မရဘူး၊ တော်ရုံလူလည်းမလာဘူး၊ နှစ်ဖက်အမျိုးတွေလောက် နဲ့ပဲ တော်ရုံလျော်ရုံနဲ့ပြီးတတ်ကြတယ်။

ကျွန်တော် ရန်ကုန်ကိုရောက်တော့ အတော်အံ့အားသင့်သွား တယ်။ ဒီမှာက ညနေပိုင်းတွေ မင်္ဂလာဆောင်ကြတာများတယ်၊ တချို့ဆို ညဆောင်ကြတယ်။ မင်္ဂလာအချိန်က အစောဆုံးနှစ်နာရီလောက်မှာ ကျ တတ်ကြတယ်၊ ကျွန်တော်တို့ရွာ အယူနဲ့ဆိုရင်တော့ မင်္ဂလာမရှိတဲ့ အလုပ် ကိုလုပ်ခဲ့ကြလို့ မင်္ဂလာမရှိတဲ့အချိန်မှာ (အပုပ်ချိန်)မှာ ဆောင်ကြတယ်လို့ ထင်ထင်ကြမှာပဲ။

ကျွန်တော်တို့ အဲဒီရွာကလေးမှာနေတဲ့ လူတွေက အယူအစွဲ အရမ်းကြီးကြတယ်၊ အနက်ရောင်မဝတ်ရဘူး။ နောက်ပြီး ဘုန်းကြီးများနဲ့ ဆိုရင် ယောက်ျားလေးတွေက မြေလှမ်းကိုရပ်ပေးရတယ်။ မိန်းကလေးတွေ ဘုန်းကြီးမမြင်နိုင်အောင် ကျောခိုင်းဝပ်ထိုင်နေရတယ်၊ ဘာဖြစ်လို့လဲဆို တော့ ရှေးခေတ်ကတည်းက သာစေကြိုခဲ့ကြတာမဟုတ်လား။ မာတုဂါမ ကိုမြင်လို့ ဈာန်သမာပတ်လျှောကျခဲ့ရတဲ့ ရဟန်းတွေအကြောင်း၊ အဲသည် လိုဖြစ်ကြရင် နှစ်ဖက်လုံးငရဲကြတယ်လေ။ ဒါကြောင့် ရဟန်းသံဃာတွေ ကြွလာရင် မိန်းမတွေက ဘုန်းကြီးမမြင်အောင် တစ်ဖက်ကိုမျက်နှာလှည့် ပြီးဝပ်နေရတာ၊အဲဒါ မလုပ်မဖြစ်လုပ်ရတဲ့ထုံးစံပဲ လူတိုင်းလိုက်နာကြရ တယ်၊ ကဲ . . ဆွမ်းလောင်းရင်တော့ တစ်မျိုးပေါ့ . . . ။

www.burmeseclassic.com

သူတို့တယ်လောက်ထိ အပူအစွဲကြီးလဲဆိုရင် ကျွန်တော်နဲ့ မိသိန်းအေးတို့အဖြစ်ကိုပဲကြည့် . . ။

အဲဒီတုန်းက မိသိန်းအေးနဲ့ ကျွန်တော်ရည်းစားမဖြစ်တဖြစ်မှာ ချိန်းတွေ့ကြတာလေ။ ချိန်းတွေ့တဲ့နေရာကလည်း သူ့အဒေါ်ရဲ့အိမ်။ ရက်ကလည်းအဖိတ်နေ့ည . . ။





ရွာကလေးရဲ့ ထုံးစံက အဖိတ်နေ့မှာ အားလုံးအလှူခံထွက်ကြပြီး ညရောက်ရင် အပျိုလူပျိုတွေ ရှုပြီး ဆွမ်းချက်ကြရတာကိုး။ နောက်တစ်နေ့ မနက်ဆို ကိုယ်နဲ့ဆိုင်တဲ့ ဘုန်းကြီးကျောင်းကို အားလုံးသွားပြီး အရှက်ဆွမ်း ထပ်ကြရတာ၊ ဘုန်းကြီးကျောင်းက နှစ်ကျောင်းရှိတယ်၊ အရှေ့ကျောင်းနဲ့အနောက်ကျောင်း။

အဲဒီ ဆွမ်းချက်တဲ့ညဆို လူပျိုအပျိုတွေ ပျော်ကြပြီ၊ ကိုယ်ကြိုက်တဲ့ ကောင်မလေးနား ကပ်ပြီး တီစီပ်ီစိနဲ့စကားတွေ တွတ်တီးတွတ်တာ တွတ်တွတ်ထိုးကြ၊ ထိကပါးရိကပါးနဲ့ စကြနောက်ကြပေါ့။

ကျွန်တော်ကလည်း အခွင့်အရေးသမား



www.burmeseclassic.com

ဆိုတော့ သိတယ်ဟုတ်လား။ အဖိတ်နေ့မတိုင်ခင် တစ်ရက်တည်းက အဲဒီညမှာတွေ့ရအောင် မိသိန်းအေးကို ချိန်းပြီးသား။ ထွက်လာရင်တော့ မစွမ်းရင်းကလည်းရှိတာနဲ့ ကန်စွန်းခင်းမှာပဲ . . . ဒန့်ဒန့်ဒန့် ဒန်ပေါ့ . ။

အဖိတ်နေ့ည ဆွမ်းချက်ချိန် လူစုံနေလို့ထင်တယ်၊ မိသိန်းအေးတော်ရှိရဲ့ ထွက်မလာဘူး။ ကျွန်တော်ကလည်း ဖွဲကြီးကြီးနဲ့ မိသိန်းအေးတို့ အပေါ်အိမ်အောက်အမှောင်ထဲကနေ ခြင်တွေနဲ့စစ်ခင်းရင်း စောင့်နေတာ။ မိသိန်းအေးတို့ အပေါ်မိသားစုကလည်း ရှိမနေဘူးလေ၊ ဟိုဘက်ရွာက အမျိုးတွေဆီ အလည်သွားကြတာကိုး။ ဒါကြောင့် ကျွန်တော်လည်း အပိုင်တွက်ပြီး မိသိန်းအေးကိုချိန်းခဲ့တာ၊ ဒီညမှာ ပွဲသိမ်းပြီပေါ့။ သိတယ်မဟုတ်လား။ ကျွန်တော့် လက်က ဝက်မြီးလိုပဲ။ တင်ပါးမှာကပ်ပါနေတာ၊ အဲလေ . . အမြဲတမ်းတို့ အငြိမ်မနေတာပြောတာပါ။

ဒီလိုနဲ့ ညဆယ့်တစ်နာရီလောက်ကျမှ မိသိန်းအေး မောကြီးပန်းကြီးနဲ့ရောက်လာတယ်။

"ရောက်နေတာကြာပြီလား"

"ည ရှစ်နာရီတည်းက ရောက်နေတာ"

မိသိန်းအေးက ကျွန်တော့်ကို ကရုဏာသက်သလိုကြည့်တယ်။ ပြီးမှ-

"လာလေ . . အိမ်ပေါ်တက်လေ"

ဝမ်းသာလုံးက ရင်ဝကိုလာဆို့တယ်။ ပိုင်ပြီလေ ပိုင်ပြီ၊ လူမရှိတဲ့ အိမ်ကြီးတစ်လုံးမှာ သူနဲ့ကိုယ်နှစ်ယောက်တည်းဆိုတော့ စဉ်းစားသာကြည့်။ ကိုယ့်အိမ်ကြက်လို သဘောထားပြီး ဘယ်အချိန်ထရိုက်ချက်၊ ရိုက်ချက်ရပြီပဲ။ ဒါကြောင့် ဝမ်းသာအားရပဲ ခါးတောင်းကျိုက်ပြီး သူနောက်လိုက်တက်သွားတယ်။

ဒီနေရာမှာ တစ်ခုပြောပါရစေ၊ ကျွန်တော်တွေ့ဖူးတဲ့ မွန်အိမ်မှန်သမျှ ခြေတံရှည်တွေချည်းပဲ ဆောက်တတ်ကြပါတယ်။ လှေကားက အိမ်ရှေ့မှာပဲရှိပြီး အဲဒီ လှေကားဆုံးတာနဲ့ လူလျှောက်လမ်းအရှည်ကြီးရှိပါတယ်။ အဲဒီလူလျှောက်လမ်းကနေ လျှောက်သွားရင် မီးဖိုချောင်ကိုရောက်သွား

ပါတယ်။ အိမ်မကြီးက အရှေ့ဘက်အရပ်မှာ ကျရှိပြီး အိမ်ရှေ့လှေကားကတော့ အနောက်ဘက်မှာရှိပါတယ်။

အဲဒီအိမ်ရှေ့လှေကား ကတက်လာပြီး မလျှောက်လမ်းအတိုင်း မသွားဘဲ အရှေ့ဘက်ချိုးကွေ့လိုက်မှ အိမ်မကြီးရှိပါတယ်။ အိမ်မကြီးကနေ အရှေ့မြောက်ထွက်လိုက်မှ ဝရန်တာပါ။ သူတို့တွေက အိမ်တွေကို ခြေတံရှည်တည်ဆောက်ပြီး အိမ်အောက်မှာတော့ ကြက်၊ ဝက်၊နွားစသည်ဖြင့် တိရစ္ဆာန်တွေ မွေးထားတတ်ကြတယ်။ ကျွန်တော် အခုသွားတဲ့ မိသိန်းအေးရဲ့ အပေါ် အိမ်အောက်မှာတော့ ဝက်တွေ အကောင် နှစ်ဆယ်ကျော်ကျော် မွေးထားတယ်။

အိမ်ပေါ်ရောက်တော့ မိသိန်းအေးက ဝရန်တာဘက်လှမ်းသွားတယ်။ ပြီးတော့ ကျွန်တော့်ကို . . .

"ထိုင်လေ . ."

ကျွန်တော်က အကြံသမားဖို့ သူနဲ့ ကပ်လျက်မှာနေရာယူလိုက်တယ်၊ အကြံက သိတယ်မဟုတ်လား။ အကြီးကြီး။ ပြီးပြီ။ သေသွားမယ်၊ မသေရင်တောင် လေလောက်တော့မြတ်ပြီ။

ဒါကို မိသိန်းအေးက ကျွန်တော့်နဲ့ အတော်ဝေးတဲ့ ထောင့်တစ်ခုမှာနေရာယူပြီး ထိုင်လိုက်တယ်။ ရုတ်တရက်မှာ အောင့်သက်သက်ကြီးခံစားလိုက်ရပေမယ့် ဘာမှမပြောမိဘူး။ ဒီအနေအထား။ ဒီအနေအထားကတော့




www.burmeseclassic.com

မျိုတတ်တဲ့ကြက်တောင်မလွှင့်ဘူး။ ကျွန်တော့်လက်က သိတယ် မဟုတ်လား ဝက်မြီးလို ကပ်ပါနေတာ။

"ဟီဟိ . . ."

အဖိတ်နေ့ညဆိုပေမယ့် လရောင်ကဝင်းနေတယ်။ လ,အထွက်နောက်ကျပေမယ့် ဆယ့်တစ်နာရီလောက်ဆိုတော့ လ,ကခေါင်းပေါ်မရောက် တရောက်ပဲ။ မိသိန်းအေးက လမင်းကြီးကို ငေးကြည့်နေတယ်။ သူ့ပုံက အရမ်းဖြူစင်တယ်။ ဘာမှမသိတဲ့ ကလေးတစ်ယောက်ပုံမျိုး။

သူ့နားမှာလည်း ကျွန်တော်မတွေ့ဖူးတဲ့ နားကပ်တစ်ခုပန်ထားတယ်။ စိန်နားကပ်ဖြစ်မယ်ထင်တယ်ပါးလေးကိုပြောင် . . လို့။

ကျွန်တော်က အဲဒီပုံကလေးကိုပဲ အသည်းယားနေတာ။ ဒါကြောင့် . . .

"မိသိန်းအေး"

သူ့မျက်လုံးကလေးပဲ စောင့်ကပ်ကြည့်တယ်။ ကျွန်တော်က တံတွေးမျိုချရင်း . . .

"ဂျီ . . ဂျိနားလာထိုင်ပါလား . . . ဂလု . . . ရယ် . . . အဲလေ ယောင်လို့ . . . မိသိန်းအေးရယ် . . ."

ကျွန်တော့်စကားကြားတော့ မိသိန်းအေးဆတ်ခနဲဖြစ်သွားတယ်။ ပြီးတော့ မျက်ပေတုံးကြီးပြူးပြီး . . .

"အဲဒီနားထိုင်လို့မဖြစ်ဘူး။ အဲဒီနားထိုင်လို့မဖြစ်ဘူး"

ဆိုပြီး အကြောက်အကန်ငြင်းဆန်တယ်။ ကျွန်တော်ကသာ မျက်မှောင်ကြုတ်ပြီး . . .

"ဘာဖြစ်လို့လဲဟင်"

ကျွန်တော့်အမေးကို မိသိန်းအေးက . . .

"သူများအိမ်တွေမှာ အပျိုလူပျိုတွေချိန်းတွေ့ပြီး တစ်ခုခုဖြစ်ရင်၊ နတ်မကြိုက်ဘူး။ ကန်တော့ပွဲပြန်ပေးရတယ်။ အိမ်ရှင်ကိုလည်း ကန်တော့တောင်းပန်ရတယ်"

"ဟင်"



www.burmeseclassic.com



သူ့စကားကြောင့် ကျွန်တော်ကြောင်သွားတယ်။ တစ်ခုခုဖြစ်ရင် နတ်ကို ကန်တော့ပွဲနဲ့ ပြန်တောင်းပန်ရတယ်တဲ့။ ကျွန်တော်ကသာ ဇောနဲ့မို့ ဆက်ပြီး . .

"ဟာ . . မိသိန်းအေးကလည်း နင်နဲ့ငါကပ်ထိုင်တာ ဘယ်သူမြင်မှာမို့ တောင်းပန်ရမှာလဲ"

"နတ်မြင်တယ်လေ . . နတ်ကကြည့်နေတာ"

သူ့စကားကြောင့် ကျွန်တော်လည်းယောင်ပြီး အိမ်ထဲနတ်လိုက်ရှာကြည့်တယ်။ ဘယ်မှာမှမတွေ့ဘူး။ နောက်မှသတိရပြီး . .

"ဟာ . . ဘယ်မှာနတ်ရှိမှာလဲ၊ ဘယ်နတ်မှမရှိဘူး . . ဒီနားလာထိုင်စမ်းပါ"

ကျွန်တော့်စကားလည်းကြားရော မိသိန်းအေးချက်ချင်းပဲ မျက်လုံးမှိတ် လက်အုပ်ချီပြီး မွန်လို တတွတ်တွတ်ရွတ်ကာ နတ်ကိုတောင်းပန်တော့တာပဲ။

"ဘာမှမသိသော လူအနွမိုက်သားစကားကို ဗွေမယူပါနဲ့ ဘုရား"

စသည်ဖြင့် အဲဒါတွေပါ ပါတယ်။ ကျွန်တော်လည်း ဘာမှအယုံအကြည်မရှိသူမို့ သူ့ကိုကြည့်ကာ တင်းသွားပြီး . .

"လာပါဟာ . . နင်မလာရင် ငါလာမယ်နော်"

ကျွန်တော့်စကားကြားတာနဲ့ မိသိန်းအေး လန့်သွားပြီး ဖျတ်ခနဲ မျက်လုံးပြန်ပိတ် လက်အုပ်ချီကာ, ပတွတ်ပတွတ်နဲ့ ပြန်လုပ်နေတာ၊ သူ့အပြုအမူကို ကျွန်တော်လည်း သည်းမခံနိုင်တော့ပြီမို့ . . . .

"ကဲ . . နင်မလာရင် ငါလာပြီ"

ဆိုပြီး ဆတ်ခနဲ အထ မိသိန်းအေးက ဝုန်းဆိုခုန်ထပြီး အခန်းထဲပြေးအဝင်၊ ကျွန်တော်ကလည်း လျှင်တယ်။ ကျွန်တော့်ဝက်မြီး ဖတ်ခနဲ ယမ်းလိုက်တယ်ဆိုရင်ပဲ . .

"ဝုန်းခနဲ" မိသိန်းအေး ကျွန်တော့်ကိုယ်ပေါ်ပြုတ်ကျလာတယ်။ ကျွန်တော်ကလည်း သူ့ကိုပွေ့ပြီး ဟီးဟီး . . ပိုင်ပြီ . . . ပိုင်ပြီ . . . ။ အဲဒီအမှောင်ထဲမှာပဲ မီးတောက်နေတဲ့ နှာခေါင်းကြီးမောင်းတင်ပြီး ရှေ့တန်းအထွက်

စစ်မျက်နှာပြင်တောင်မရောက်ပါဘူး။ လမ်းတစ်ဝက်မှာတင် . . .

"ဟင်နားကပ် . . နားကပ် . . နားကပ်ပြုတ်ထွက်သွားပြီ"

မိသိန်းအေးတို့ အလန့်တကြားအော်သံ . . ကြည့်လိုက်တော့ . . .

"ဟင်"

ဟုတ်တယ် . . ခုနလရောင်နဲ့ ဝင်းနေတဲ့ သူ့ရဲ့ဘယ်ဘက်နားကပ်တစ်ဖက် မရှိတော့ဘူး။

"ဟာ . . . ခုကွပဲ . . ဘယ်ပြုတ်ကျသွားတာလဲ မသိဘူး"

ဒါကို မိသိန်းအေးက-

"ဒီနားမှာပဲဖြစ်မယ် . . လိုက်ရှာကြည့်ရအောင်"

> ဟာ..မရှာလို့ မဖြစ်ဘူး၊ ဒါအမေ့နားကပ်ကြီး၊ ဒါက စိန်နားကပ်၊ နောက်ပြီး နားကပ်ဘာလို့ပျောက်တာလဲဆို ကန်တော့ပွဲပေးနေရဦးမယ်

ဆိုတော့ ကျွန်တော်လည်းရဲပြီးသား အခွင့်အရေးကို လက်မလွှတ်ချင်တာကြောင့် . . .

"ဒီနား ဒီနားကျတာပဲ . . ခဏနေမှရှာရအောင်နော်"

မိသိန်းအေးက ကျွန်တော့်လက်ထဲက ကမန်းကတန်း ရုန်းထွက်ပြီး . . .

"ဟာ . . မရှာလို့ မဖြစ်ဘူး၊ ဒါ အမေ့နားကပ်ကြီး၊ ဒါက စိန်နားကပ်၊ နောက်ပြီး နားကပ်ဘာလို့ပျောက်တာလဲဆို ကန်တော့ပွဲပေးနေရဦးမယ်"

"ဟင်"



သူ့စကားကြောင့် ကျွန်တော်ခေါင်းနားပန်းကြီးသွားတယ်။ ဒါလည်း ကန်တော့ပွဲနဲ့ပဲတဲ့။

ဒါကြောင့် . . .

မလွှတ်ဆို သူ့ကိုလွှတ်ချပြီး ဘယ်နားလဲ ဘယ်နားလဲ နားကပ်ကို အသည်းအသန် လိုက်ရှာမိတော့တယ်။ မိသိန်းအေးလည်း ကျွန်တော်နဲ့ ကူရှာရင်း . .

"အဲဒါမှ ခုကွပဲ . . အမေ့နားကပ်ယူပန်လာတာ . . ပျောက်သွားရင်တော့ အမေသတ်လိမ့်မယ်။ နောက်ပြီး ဘယ်မှာဘာဖြစ်လို့ပျောက်တာလဲမေးရင် ဒီအိမ်မှာ ကန်တော့ပွဲပေးရတော့မယ်"

သူ့စကားကြားတာနဲ့ ကျွန်တော့်ခေါင်းကြီး ကြီးတက်သွားတယ်။ တောက် . . . ဒါလည်းကန်တော့ပွဲနဲ့ပဲ . . . သူပြောသလိုဆို . . . တစ်ခုတစ်မှုနဲ့ ကန်တော့ပွဲပေးရလို့တတော့ မီးခိုးကြွက်လျှောက် ကန်တော့ပွဲကိုပေးလို့ဆုံးတော့မှာ မဟုတ်တော့ဘူး ခုကိုလေးပွဲရှိနေပြီ။

"အသေအချာရှာပါဟ . . တစ်နေရာရာမှာရှိမှာပါ"

"အေးလေ . . ရှာနေတာပဲ တွေ့မှမတွေ့သေးတာ"

ဒီလိုနဲ့ မှောင်မှောင်စမ်းစမ်းမှာ နှစ်ယောက်လုံး ခွေးတလုံးလုံးနဲ့ ဖိမ်အနှံ့ရှာတယ်၊ ဘယ်မှာမှမတွေ့ဘူး။ မတွေ့လို့ကလည်း မဖြစ်ဘူး၊ ဒီနားကပ်မှမတွေ့ဘူးဆို ဘာမှမဘာရပါဘဲနဲ့ ကန်တော့ပွဲပေးရပြီ၊ ကန်တော့ပွဲပေးပြီးရင် ဘာမှမပြင်ဆင်နဲ့ယူရပြီ၊ ယူရပြီဆိုသေပြီ။ မသေရင်တောင် လေလောက်တော့ ပြုတ်ပြီ။အမှုက အကြီးကြီးနော်၊ ဒါကြောင့် ပြူးတူးပြဲတဲနဲ့ အသည်းအသန်ရှာနေရတာ၊ ဒီလိုနဲ့ ရှာရင်း အတော်ကြာတော့ မိသိန်းအေးက . .

"ဟောဒီမှာ၊ ဟောဒီမှာ"

"ဘာလဲ တွေ့ပြီလား၊ နားကပ်ကိုတွေ့ပြီလား"

ကျွန်တော့်ရဲ့အလောတကြီးအမေး။

ဒါကို မိသိန်းအေးက . . .

"နားကပ်ကို တွေ့တာမဟုတ်ဘူး၊ နားကပ်ပြုတ်ကျသွားတဲ့ အပေါက်ကိုတွေ့တာ"

သူညွှန်ပြရာကြည့်လိုက်တော့ နားကပ်ကျနိုင်ချေရှိတဲ့ အပေါက်

www.burmeseclassic.com

တစ်ပေါက်။ အပေါက်ကနေ ငုံ့ကြည့်လိုက်တော့ . . .

"ဟာ . ."

ကျွန်တော်မျက်လုံးပြူးသွားတယ်။

"ဝက်ခြံ ဝက်ခြံကြီး"

"ကိုကို ဝက်ခြံနောက်မှည့်စ် . . . ခုနားကပ်ဆင်းကောက်ကြမယ်"

" ဟာ . . . ဘယ်ကဝက်ခြံညစ်ရမှာလဲ . . . အောက်မှာဝက်ခြံကြီးလို့ပြောတာ "

ဟုတ်တယ် . . အောက်မှာမြင်နေရတာ ဝက်အကောင်နှစ်ဆယ်ကျော်ရှိတဲ့ ဝက်ခြံကြီး။

"ဪ . . . ဒါများ . . . အဲဒီဝက်ခြံထဲပဲကျမှာပဲ . . လာ . . ဝက်ခြံထဲ သွားဆင်းရှာရအောင်"

ဆိုပြီး ကသုတ်ကရက်နဲ့ အိမ်အောက်ဆင်းသွားတယ်။ ကျွန်တော်လည်း ငေါင်စင်းစင်းနဲ့ သူ့နောက်က ဖတ်သီဖတ်သီနဲ့လိုက်ရတယ်။ မလိုက်လို့လည်းမရတော့ဘူးလေ။ အစထဲက မရှုပ်ခဲ့ရင်တော့ ဘာရှုပ်စရာရှိလဲ။ ခုတော့ ကိုယ်က သွားရှုပ်ထားတာဆိုတော့ မရှုပ်ချင်ပဲ ရှုပ်ရှုပ်ရှက်ရှက်တွေဖြစ်ကုန်ပြီပေါ့။ ဟင်း ရှုပ်နေတာပဲ။

ဝက်ခြံထဲရောက်တော့ ရှုလိုရှငြား အမြင်ကနေ လိုက်စမ်းကြည့်တယ်။ မတွေ့ဘူး။ ရွှံ့ဗွက်တွေနဲ့ဆိုတော့ ကိုယ်လည်းမသိရဲ မတို့ရဲဖြစ်နေတာပေါ့။ ခုန အိမ်ပေါ်က အပေါက်ကို မော့ကြည့်လိုက်တော့ အပေါက်က ဝက်ခြံအလယ်လောက်မှာ . . ။

မိသိန်းအေးက အပေါက်ကို မော့ကြည့်လိုက်၊ ဝက်ခြံအလယ်ကို ပြန်ငုံ့ကြည့်လိုက်လုပ်နေတယ်။ နောက်မှ . . .

"လာ . ." ဝက်ခြံအလယ်မှာပဲ . . . သေချာပြီ . . . ဝင်ရှာကြရအောင် . ."

"ဟော့ . . ဟော့ . . . "

တားချိန်တောင်မရဘူး။ မိသိန်းအေး ဝက်ခြံထဲခုန်ဝင်သွားတယ်။ သူဝင်သွားတာနဲ့ဝက်တွေက ကမ္ဘာပျက်တော့မယ့်အတိုင်း ထအော်ကြ



www.burmeseclassic.com



တော့ကား၊ သွားပြီ တစ်ရွာလုံး ကြားလောက်ပြီ။ ဒီအချိန်ကျမှ ဝက်တွေကိုလည်း ပါးစပ်လိုက်ပိတ် လို့မရ . . . ၊ တိတ်တိတ်နေပါလို့လည်း နားချလို့မရနဲ့ ကြီးကြီးတက်လာတဲ့ ကိုယ့်ခေါင်းက ကိုယ့်နားရွက်တွေ

မိသိန်း အေးလည်း
ကျွန်တော်နဲ့
မခေါ်ဘော့တဲ့
ဟိုဘက်က ဝက်တွေနဲ့
သွားခေါ်နေရုံကိုပြီ
ပျော်ပါနေပြီ



ကိုသာ အသားကုန်ပိတ် အဲကြိတ်ထားမိတယ်။ ပြသနာက အကြီးကြီး တွေလာပြီ။ အဲဒီအချိန်မှာပဲ . . .

"ကွန့်မောင်းတို့အိမ်က ဝက်အော်သံကြားတယ်တော့ . . . ဘာဖြစ် လဲမသိဘူး . . ။ ငါ့သွားကြည့်ဦးမယ် . . ."

ဘေးအိမ်က အော်သံ။ ကြည့်လိုက်တော့ အဘိုးကြီးဦးထောပိုင် တုတ်တစ်ချောင်းနဲ့ ဖျတ်ခနဲဆင်းလာတယ်။ သေပြီ၊ မိပြီ၊ ကန်တော့ပွဲတစ် ပွဲတော့သေချာပြီ။

ဘာလုပ်ရမှန်းမသိတော့ ထွက်ပြေးရင်လည်းမိပြီ။ မိတာ အ ကြောင်းမဟုတ်ဘူး။ ကိုယ့်ကိုလည်း ဒီရွာက ဘယ်သူမှမသိတော့ သူခိုး ဆိုပြီး ဝိုင်းရိုက်ရင်လည်းခံရပြီ။ ထွက်ပဲပြေးပြီး ပင်ပင်ပန်းပန်း အရိုက် ခံရမလား၊ ထိုင်ငုံ့နေပြီး အေးအေးဆေးဆေးအငြိမ်ဇယားနဲ့ အရိုက် ခံရမလား မတွေးတတ်ခင်မှာပင် . . .

"ကိုကို . . ဒီအထဲကိုလာ မြန်မြန်လာ . ."

မိသိန်းအေးရဲ့ခေါ်သံ။ ကြည့်လိုက်တော့ ဝက်ခြံထဲမှာ ဝက်တွေနဲ့ သူ အတူဝပ်နေတယ်။ ကျွန်တော်လည်း ဘာမှစဉ်းစားမနေတော့ဘဲ ဝက်ခြံ ထဲ ပြေးဝင်ပြီး သူ့နားကပ်ပြီးဝပ်နေလိုက်တယ်။ ဝက်တွေလည်းဂရုမစိုက်နိုင် တော့ဘူး။အမိက က မပိဖို့ပဲအရေးကြီးနေတာ။ ဘေးအိမ်က ဦးထောပိုင် ရဲ့ခြေလှမ်းများကလည်း ဦးတည်ချက်မပြောင်းလဲဘဲ ကျွန်တော်တို့ရှိရာ ဝက်ခြံဆီ . .

"ကိုကို"

မိသိန်းအေးရဲ့ တိုးတိုးဖွဖွခေါ်သံ . . ကျွန်တော်က 'ဘာလဲ' လို့ တိုးတိုးဖွဖွ ပြန်မေးလိုက်တယ်။

"နားကပ်ပြန်တွေ့ပြီ"

"ဟင် . . ဟုတ်လား၊ ဘယ်မှာပြန်တွေ့တာလဲ"

ကျွန်တော့်ရဲ့ ဝမ်းသာအားရအမေး . . ဟုတ်တယ်လေ . . . ဒါ ဝမ်းသာစရာကြီး . . . တစ်ပွဲတော့သက်သာသွားပြီ . . . ဒါကို မိသိန်းအေး က . .

www.burmeseclassic.com



"ရှူးတိုးတိုး . . ဟိုအဘိုးကြီးကြားသွားမယ် . . နားကပ်က အကျီ အောက်လုံကြားမှာ ညပ်နေတာ . . . ဟီဟိ"

ဪ . . အရေးထဲအူမြူးနေသေး။ နားကပ်က အောက်ထိမကျ ဘဲ အကျီအောက်လံမှာပဲ ညပ်ကျန်ခဲ့ပုံရတယ်။ သူ့အဖြေကြောင့် ကျွန်တော် လည်း တင်းသွားပြီး . . . .

"အဲဒါကြောင့်ပြောတာ အိမ်ပေါ်မှာ"

"ရှူး"

ကျွန်တော့်စကားမဆုံးမီ မိသိန်းအေးက အသံမထွက်ဖို့ တား တယ်။ ဟုတ်တယ်၊ အသံထွက်လို့မဖြစ်ဘူး။ ဦးထောပိုင်က ခြံဝရောက် နေပြီ။

"တေး . . ဘာမှမတွေ့ပါလားကွယ် . . မြွေပါးကင်းပါးများဝင် လို့လားမသိ"

ဆိုပြီး ပတ်ရှာတယ်။ ညကလည်းမှောင်၊ ကျွန်တော်တို့ကလည်း ဝက်တွေနဲ့ ရောနေလို့ ရုတ်တရက်မမြင်ဘူးထင်တယ်။ ကိုယ်တွေမှာလည်း ရွှံ့တွေ လူးနေတော့ ဝက်ပဲထင်မှာပေါ့။ အဘိုးကြီးများ စပ်စုချက်ကတော့ ဘာမှမမြင်တာတောင် တုတ်ရှည်ရှည်တစ်ချောင်းနဲ့ပြီး ဝက်တွေကိုလိုက် ထိုးကြည့်နေတယ်။

သူထိုးလိုက်တဲ့ဝက်တိုင်း တကျီကျီအော်ပြီး ပြေးကြတယ်။ သူ လည်း စိတ်ရှည်လက်ရှည် ဝက်တစ်ကောင်ချင်းကို တုတ်နဲ့လိုက်ထိုးနေတာ တွေ့တော့ ကျွန်တော့်နဖူးကနေ ချွေးစေးတွေ စိမ့်ထွက်လာတယ်။

"သွားပြီ၊ ငါ့ကိုတုတ်နဲ့လာထိုးရင် ဘယ်လိုလုပ်ရမှာ"

လို့ စဉ်းစားမိပြီး ထပြေးချင်စိတ်တွေပေါက်နေတယ်။ ထပြေးရင် လည်း လူမိပြီ။ စဉ်းစားနေတုန်းမှာပင် ဦးထောပိုင်က မိသိန်းအေးကို တုတ် နဲ့ထိုးတယ်။

မိသိန်းအေးက 'အုရဲ အုရဲ' ဆိုပြီး ဝက်လိုအော်ပြီး နေရာရွှေ့သွား တယ်။

သွားပြီ၊ သေပြီ၊ ဒါပြီး ငါ့အလှည့်ပဲ၊ ငါ့ကိုတုတ်နဲ့လာထိုးရင်

ဘယ်လိုလုပ်ရပါ . . ။ ကိုယ်ကလည်း ဝက်လို အော်တတ်တာမဟုတ်။ မိသိန်းအေးကိုတော့ ဟိုလူကြီးက ဝက်ထင်ပြီး ဝက်စာရင်းသွင်းလိုက်ပြီ။ မိသိန်းအေးလည်း ကျွန်တော်နဲ့မပေါင်းတော့ဘဲ ဟိုဘက်က ဝက်တွေနဲ့ သွားပေါင်းနေလိုက်ပြီ။ ပျော်ပါးနေပြီ။

"ငါ့ကိုရော . . ။ ငါ့ကိုရော . ."

ပဲ့ဦးစားရင်း စဉ်းစားရင်းနဲ့ ဇောချွေးတွေစိမ့်ထွက်လာတယ်။

ကံကောင်းထောက်မစွာပဲ သူတုတ်က ကျွန်တော့်ကိုကျော်ပြီး ကျွန်တော့်အေးက အကောင်ကိုတုတ်နဲ့ သွားထိုးတယ်။ အေးက ဝက်က အသံကုန်ဟစ်ပြီး မိသိန်းအေးတို့ဘက် ပြေးသွားတယ်။ ကျွန်တော်နဲ့အတူ လေးငါးကောင်ပဲ လုံးကျန်ခဲ့တော့တာ။ ငါ့ကိုတော့ ထိုးတော့မယ်ထင်တယ်။ ထိုးတော့မယ်ထပဲ ဘယ်။ စဉ်းစားနေရင်းမှာပင် . . .

"ဗွတ်"

ဟင် . . . ချက်ကောင်း . . တောက် . . မထိုးဘူးမထိုးဘူးနဲ့ . . . ထိုးတော့လည်းချက်ကောင်းမှဆောင့်ထိုးရလား . . . တောက် . . . နောက်နေ့တော့ ကွနေမှာပဲထင်တယ်။

ရုတ်တရက်မို့ စိတ်ထဲမှာခွေးလိုအော်ရမှာလား၊ ကြောင်လိုပဲ ညောင်လိုက်ရမှာလား၊ စဉ်းစားမတတ်ဖြစ်နေတယ်။ ဖြစ်ချင်တော့ ကိုယ်က လည်း ဝက်လိုတစ်ခါမှမအော်ဖူးဘူး။ အယ်လိုအသံထွက်ရမှန်းမသိဘူး။

တုတ်က ဆတ်ခနဲ ဆတ်ခနဲ ချက်ကောင်းကိုထပ်တို့တယ်။ ကျွန်တော်လည်း အသံမထွက်ရဲ . . .

"အေး . . ဒီကောင်နေမကောင်းလို့လားမသိဘူး။ အသံမထွက် ဘဲငြိမ်နေတယ်။ ဝင်ကြည့်လိုက်ရင် ကောင်းမလား"

"ဟိုက်"

သူ့စကားလည်းကြားရော ကျွန်တော်ခေါင်းနားပန်းကြီး သွားတယ်။ မျက်ရည်တွေလည်းဝိုင်းသွားတယ်။ ဝင်ကြည့်ရင်မိပြီလေ။ မိသိန်းအေးကို လှည့်ကြည့်တော့ ဝက်တွေနဲ့ပျော်ပါးပြီး လှည့်ပတ်သွားနေပြီ။ ကျွန်တော့် ကိုတောင် ဂရုမစိုက်တော့ဘူး။



www.burmeseclassic.com



"သေချာအောင် ခပ်ပြင်း ပြင်းလေးထပ်ထိုးကြည့်မှပဲ . . ."

ကြည့်စမ်း . . ကိုယ်ခံစစ် အနေအထားပါ။ ခံစစ်ကမှ ပယ်နယ် တိုကြီး။ ပယ်နယ်တိုမှ ရပ်လျှက် မပ်ရမှာမဟုတ်ဘူး။ လေးဖက် ထောက်ကြီး။ လေးဖက်ထောက် ကမှ မျက်နှာချင်းဆိုင်မဟုတ်ဘူး ကျောပေးလျက်ကြီး။

ဘာမှလုပ်လို့မရ၊ ပြန် ပြောလို့မရ လေးဖက်ထောက်လို့ ဟို လူကြီး ညောင့်သမျှခံရတော့မည်။

"ဗွတ်"

တောက် . . . ထိပြန်ပြီ ချက်ကောင်းကိုပဲ . . . ဒီတစ်ချီ တော့ လက်ဆကာ တစ်ဆိတ် ပြင်း လွန်းလှသည်၊ "အူ" ထိုးပြန်ပြီ၊

"အစ် . . အစ်"

ဘယ်ကနေ ဘယ်လို အသံ ထွက် သွားမှန်းကိုမသိပါဘူး ဗျာ . . ဝက်သံမှ တကယ့်ဝက် သံထွက်သွားသည်။

ဒီတော့မှ ဟိုလူကြီး ယခောကျသွားပြီး . .

"အေး . . အသံကတော့ ရှာနေတာပဲ . . ။ ဒါဆို နေကောင်း လို့ဖြစ်မှာပါ"

ဟင်...ချက်ကောင်း
...တောက်...မထိုးဘူးမထိုးဘူးနဲ့...
ထိုးတော့လည်းချက်ကောင်းမှဆောင့်
ထိုးရလား...တောက်...နောက်နေ့
တော့ကွနေမှာပဲထင်တယ်။



ဆိုပြီး နောက်နှစ်ကောင် သုံးကောင်လောက် တုတ်နဲ့ထိုးကာ . .

"အင်း . . . ဘာမှလည်းမရှိဘူး။ ပြန်အိပ်ရင်ကောင်းမယ်လေ"

ဆိုပြီး ပြန်လှည့်သွားတယ်။ အဲဒီတော့မှ ကျွန်တော်လည်း သက်ပြင်းချနိုင်တော့တယ်။

သက်ပြင်းချလို့မှ မဆုံးသေး . . .

"အင်း . . . ဝက်က ခါတိုင်း အကောင်နှစ်ဆယ်တည်းပါ . . . ငါခုနကတို့ပြီး ရေလိုက်တာ ဘာလို့ နှစ်ဆယ့်နှစ်ကောင်ဖြစ်နေပါလိမ့် . . . ထပ်ဝယ်လိုက်လို့လား . . . ဒါလည်းမကြားမိပါဘူး . . . နေဦး ဓါးလုံးနဲ့ထပ်ထိုးပြီး ရေကြည့်လိုက်ဦးမှနဲ့တူတယ်"

"တောက် . . . ဒီအဘိုးကြီးကတော့ရစ်ပြီ . . "

ဟင်း . . . ကန်တော့ပွဲ မြန်မြန်ဝယ်ပြီး တောင်းပန်လိုက်တာ သက်သာမယ်နဲ့တူတယ်။

"ခြော် . . . လိုတာမှမဟုတ်ပဲ . . . ပိုနေတာပဲ . . . မနက်မှမေး ကြည့်ပါတော့မယ်လေ"

ဟုပြောပြီးထွက်သွားသည်။

ဟိုလူကြီးပျောက်ကွယ်သွားမှ ကျွန်တော်လည်း စိတ်ချလက်ချ ထထွက်မလို့အလုပ် . . . .

"ကိုကို မထနဲ့ မထနဲ့"

"ဟင် ဟိုဟာကြီးလာထိုးပြန်ပြီလား . . . သေပြီ . . . အကြီးကြီး သေပြီ . . . "

ဇောချွေးများနဲ့ ကျွန်တော့်ရဲ့ ညည်းတွားသံ . . .

"မဟုတ်ဘူး . . . "

"ဘာ . . . ဘာဖြစ်လို့လဲ"

"ဒီအတိုင်းထသွားရင် ဝက်တွေပြန်ထအော်ကုန်မှာပေါ့"

"အဲဒီတော့"

"ဒီအတိုင်းလေးဖက်ထောက်ပြီးထွက်"

မတတ်နိုင်ဘူး။ သူပြောတဲ့အတိုင်းကို လေးဖက်ထောက်ထွက် လိုက်ရတယ်။ သူပြောတာလည်း ဟုတ်တယ်၊ ကိုယ်က မတ်တပ်ထရပ်လိုက် ရင် ဝက်တွေက တစ်ခါထအော်ကြမှာကိုး။

မြို့ပြင်ရောက်တော့ သူရော ကျွန်တော်ပါ ဗွက်တွေနဲ့ ဝက်ချေးတွေ ပေကျံလို့တွေနဲ့ပေသလူးနေပြီ။ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ဘာမှ ဘာချင်စိတ်မရှိတော့ဘူး။

"ကဲ . . ကိုကိုအိမ်ပြန်တော့။ ကျွန်မလည်း အိမ်ပြန်ရေချိုးပြီး ရွှံ့ဟောင်းချက်တဲ့ဆီ သွားလိုက်ဦးမယ်"

ဆိုပြီး ကျွန်တော်ဘာမှ ပြန်မပြောနိုင်ခင်မှာပဲ မိသိန်းအေး သူ့ အိမ်ဘက်ပြေးထွက်သွားတော့တယ်။

လရောင်ဖွေးဖွေးမှာပြေးသွားတဲ့ မိသိန်းအေးရဲ့ ဆံပင်ကလေးက လေထဲမှာ ဝဲခါလို့၊ ရွာကလေးကလည်း တိတ်ဆိတ်ခြောက်သွေ့နေပြီ။ လှုပ်ရှားနေတာဆိုလို့ လရောင်အောက်မှာ မိသိန်းအေးတစ်ယောက်တည်း၊ ရပ်ကြည့်နေတာကလည်း ကျွန်တော်တစ်ယောက်တည်း။

မိသိန်းအေးရဲ့လရောင်အောက်က မှုန်တိမှုန့်ဝါးအလှကို ငေးကြည့်ရင်း ကျွန်တော့်ရဲ့ ဝက်မြီးကို မသတိသလိုပြန်ကြည့်မိတယ် . . . မှန ပြဿနာအကြီးကြီးရှာမယ့် ဝက်မြီးက ခုတော့လည်း နွံ့နှ ကုတ်ကွလို့ . . . သူမဟုတ်သလို။

နောက်မှ ခေါင်းငိုက်စိုက်ချပြီး၊ ကိုယ့်အိမ်ဘက်ခြေဦးလှည့် . . ၊

စဉ်းစားရင်း စဉ်းစားရင်းနဲ့ ပိုအသည်းနာလာသလို . . . ကိုယ့်မှာ တော့အိမ်ကြက်နဲ့ လူပျိုရည်ဖျက်မဟဲ့ ဆိုပြီးသွားတာ . . . ဘယ်အိမ်ဝက် တွေနဲ့ အပျိုရည်မပျက်တာပဲကံကောင်း။ အစိတ်နေ့လို ညကြီးမှာချာ ချစ်သူနဲ့ချိန်းတွေ့ပြီး ယောကျ်ားတစ်ယောက်အတွက် ဘယ်တော့မှ ကန့်ရှာယ်ရှိတယ်လို့ မယူဆနိုင်ကောင်းတဲ့ နေရာကို ဓါးလုံးနဲ့ရန်ရှာခံလိုက် ရပြီး . . . ခြေဒရွတ်ဆွဲလို့ . . . ကိုယ့်အမြီးကိုယ်ကုတ်လို့ . . . တလှုပ် လှုပ်နဲ့ပြန်လာတဲ့ကောင် . . . အဲဒီကောင် ဘယ်သူလဲသိလား . . . အဲဒီကောင် ကျွန်တော်ပေါ့။

၍ ၍ ၍

www.burmeseclassic.com

မိသိန်းအေးတို့ရွာထိပ်မှာ လှေဆိပ်ရှိတယ်။

အဲဒီလှေဆိပ်မှာပဲ တပေါင်းလဆို သဲပုံစေတီပွဲလုပ်ကြတယ်။

သဲပုံစေတီပွဲက သူတို့ အင်မတန် တန်ဖိုးထားတဲ့ ပွဲတစ်ပွဲပါပဲ။ ရွာရှိလူကုန် မြစ်ကမ်းနံဘေးဆင်းပြီး သဲနဲ့စေတီ တည်ကြတယ်။ သူတို့လုပ်တဲ့ စေတီကလည်း သဲရယ်ဝါးရယ်ပဲပါတယ်. . ။ ဝါးတွေနဲ့ အရင်ခြမ်းဆင်ပြီး သဲတွေကို စေတီပုံစုပုံကြတယ်။ ထီးတော်ကိုလည်း ဝါးတွေနှီးတွေနဲ့ပဲ ရက်ယူကြတယ်။ စေတီတည်နေချိန်ဆို တစ်ရွာလုံးရှိ လူတွေက ဘိုးစည် ဗုံမောင်းတွေနဲ့ ကချေခုန်ကြတော့တာပဲ။ ဦးဆောင်သူကတော့ မိသိန်းအေးတို့ အဖွဲ့ပေါ့။ အဲ . . အဲဒီပွဲမှာ





ကြက,တဲ့အကက မွန်တွေကတတ်တဲ့ မွန်က မျိုးမဟုတ်ဘူး။ (မွန်အကက ငြိမ့်ငြိမ့်ပြောင်းပြောင်းကရတာလေ) ကရင်ဒုံး အကလိုလို အညာဘက်က က,တတ်တဲ့ ဦးရွှေရိုး ဒေါ်မိုးတို့လို အကမျိုးပဲ။ မြိုင်မြိုင် ဆိုင်ဆိုင်နဲ့ ပြေးပြေးလွှားလွှား က,ကြတာ။ မိသိန်းအေး တို့ဆိုတာ စေတီစ,ကည်ဖို့ကစပြီး က,နေလိုက်တာချွေးတွေကိုနစ်လို့ . . ။

ဒါပေမယ့်မရပ်ဘူး။ ဆက်က,နေတုန်းပဲ။သူက ကျွန်တော့်ကို အတူက,ဖို့ခေါ်တယ်။ ကျွန်တော်က မကတတ်ကြောင်း မက,ချင်ကြောင်း ပြောပြီး ဒီအတိုင်း ရပ်ကြည့်နေလိုက်တယ်။ အတော်ကလေးကြာမှ ကျွန်တော်က မိသိန်းအေးကိုခေါ်ပြီး . . .

"ဒီည မိသိန်းအေးနဲ့တွေ့ဆုံပြီး စကားပြောချင်ကြောင်း"

ပြောလိုက်တယ်၊ မိသိန်းအေးက ခဏစဉ်းစားပြီး . .

"ညရှစ်နာရီလောက်ကျရင် သဲပုံစေတီကို မီးလာပြီး ပူဇော်မယ်။ အဲဒီက ပြန်ရင်တွေ့ကြတာပေါ့" တဲ့ . . . .

ကျွန်တော် အတော်ပျော်သွားတယ်။ ပျော်ရခြင်း အကြောင်းရင်းက လျှို့ဝှက်ချက်ရှိတယ်။ ကျွန်တော့်အင်ဂျင်နီယာက ကျွန်တော့်ဆီလိုက်လာပြီး . . .

"မင်းကွာ . . မြို့သားလည်းဖြစ်၊ တမည့်လည်းဖြစ်နေပါလျက်နဲ့ အခုအချိန်ထိ မိသိန်းအေးကို လက်ကလေးတောင်ဖျစ်ဖျစ်မြည်အောင် မကိုင်ဖူးဘူး ဆိုတော့ကွာ . . ဒီလောက် လက်နှေးနေရင် မင်းငါ့ဆီမှာ အလုပ်လာလုပ်မနေနဲ့တော့"

ဆိုပြီးပြောသွားတာ။ အောင်မာ ကျွန်တော့်ကိုသာ သူကပြောတာ။ သူကရော ဘာထူးတာလိုက်လို့၊ သူ့အလုပ်ကနေ ခဏခွင့်ယူပြီး ရွာပြန်သွားတယ်၊ ခွင့်ရက်စေ့လို့ အလုပ်ကိုပြန်တော့ ကောင်မလေးတစ်ယောက်နဲ့ တွေ့တယ်၊ အဲဒီကောင်မလေးက သူနဲ့ရင်းနှီးတာလည်း မဟုတ်ဘူး၊ မျက်မှန်းတန်းမိရုံရှိတာ။ အဲဒါကို ကောင်မလေးက . . .

"ဟိတ် . . နင်ဘယ်သွားမလို့လဲ"

ဆိုတော့ သူက . . .



www.burmeseclassic.com

"ငါ့အောက်မြည့်ဘက်ခဏသွားမလို့"

သူ့စကားကို ကောင်မလေးက . . .

"အေး ဒါဆိုငါလည်းလိုက်မယ်"

ဆိုပြီး လိုက်လာရာက ညားကြတာ . . ကျွန်တော်နဲ့ ပြောတော့ သာ သူကစ မိန်းမကျမ်းပဲကြေသလိုလို ဘာလိုလိုနဲ့ အေးလေ သူကမိန်းမနဲ့ ကနားနဲ့ဆိုတော့ထားပါတော့ . . ။

ဖဲဝိုင်ညကာရဲ့အေးတင်တာ ဘယ်ကြည့် ကောင်းမလဲ။ ယောကျ်ားသားများက မိန်းမကိစ္စနဲ့ဆို ဟုန်းခနဲ တိုင်း သိပ်ကြောက်တတ်တာ။ ကျွန်တော်တို့လို အတွေ့အကြုံမရှိသူတွေက ပိုဆိုးသေး။ ဟီး ဟီး။ ဒါကြောင့် ရွာက တပည့်ကျော်ပေါက်ကျိုင်း ဆိုတဲ့ ကောင်ကို အရက်ဝယ်ခိုင်းပြီး စိမ်ပြေနပြေကိုချတော့ တာ။ သိတယ်မဟုတ်လား . . . ရဲဆေးလေ။

ဒီလိုနဲ့ ချိန်းထားတဲ့အချိန် ရောက်လာတယ် ဆိုပါတော့။ လူကလည်း မူးတာမှ ခေါင်းချာကိုစိုင်း နေပြီ။ လက်ကနည်းနည်းလှုပ် အဲလေ . . ပါးစပ်က နည်းနည်းလှုပ်သွားတယ်ထင်တယ်။ ကိုယ်ကလည်း ကျွန်ုပ်လေ။ ဆိုတော့ ဟီး ဟီး ဟစ်။

www.burmeseclassic.com

လွမ်းလျှောက်ရတာတောင် ခြေလှမ်းမမှန်ချင်တော့ဘူး၊ ဒါပေမယ့် သိတယ်မဟုတ်လား။ မိသိန်းအေးနဲ့တွေ့ရင် ဘယ့်နှယ် ခြေကလိန်ကွပ်မယ်၊ ဘယ့်နှယ်တိုက်မယ်ပေါ့။ အကွက်တွေပါမြင်သွားတာ၊

လေးကွက်သိုင်း၊ တစ် လည်စေ့ကစ်၊ နှစ် ခြေကလိန်ကျစ်၊ သုံး သူ့တစ်ကိုယ်လုံး၊ လေး မသိတာမေးပေါ့ဗျာ၊ ဒါပါပဲ . . တခြားလည်းဟုတ်ပေါင် . .

နေ့ခင်းပိုင်းတည်ထားတဲ့ သပိုးစေတီကလေးမှာ မီးရောင်တွေလက်နေတယ်။ ရွာသူရွာသားအားလုံးက ညဘက်ကျတော့ ဖယောင်းတိုင်အမွှေးတိုင်ကိုယ်စီယူလာပြီး၊ ဘုရားပတ်လည် ထွန်းညှိပူဇော်ကြတာကိုး။ ဒါကြောင့် မြစ်ကမ်းတစ်လျှောက် မီးရောင်တွေက ပေါက်တိကပေါက်တိနဲ့ မွှေးနေတယ်၊

မိသိန်းအေးက ကျွန်တော့်အရင်ရောက်နှင့်နေပြီလေ၊ ယောဇီရောင်တဘက်ကလေးပခုံးပေါ် တင်ပြီး ဘုရားမီးပူဇော်နေတာ။ ကျွန်တော့်ကိုလည်း မြင်ရော ထွက်လာပြီး နှုတ်ဆက်သလို ဘာလိုလိုနဲ့ . . .

"မိချမ်းလန်းတို့ အိမ်သိလား"

"သိတယ်"

"အဲဒီအိမ်အနောက်ဘက်ကောက်ရိုးပုံအောက သုံးနှစ် အုန်းပင်အောက်က စောင့်နေ၊ ခဏနေ လစ်တာနဲ့ ထွက်ခဲ့မယ်"

သူ့စကားလည်းဆုံးတာနဲ့ ကျွန်တော်လည်း ယောင်ပေပေလုပ်မနေတော့ဘဲ သူညွှန်ပြရာ မိချမ်းလန်းတို့ ခြံအနောက်ပေါက်က ဖြတ်ဝင်ပြီး သူစောင့်နေပါပြောတဲ့ သုံးနှစ်အုန်းပင်အောက်က ငြိမ်ပြီးစောင့်နေလိုက်တယ်။

သုံးနှစ်အုန်းပင်ဆိုတာကလည်း အံ့ဩစရာပါဗျာ။ အပင်ထိပ်ကမှ ကျွန်တော်တို့ ပခုံးသာသာလောက်ရှိတာ သီးလိုက်တဲ့အသီးက ခွေးမကြီးနို့ခွေးကလေးတွေ ငိုင်းစို့နေသလိုပဲ အုံ့ကျနေတာပဲ . . ဖြတ်ခဲနေတာ။ ကျွန်တော် ငေးကြည့်နေတုန်းရှိသေးတယ်။ မိသိန်းအေး အပြေးတစ်ပိုင်းနဲ့ ရောက်လာတယ်၊



www.burmeseclassic.com



"အခါနီ အကြာကြီး မရလို့ အမန့်ကတမ်းထွက်လာတာ၊ ပြောစရာရှိတယ်ဆို၊ ပြောလေ" တဲ့၊

ကျွန်တော်က ဟိုတက်ကိုသာ အာရုံ ရောက်နေတော့ ပြောမယ့်စကားတွေကို စီမလာဘူး၊ မိသိန်းအေးက အုန်းပင်ကိုမှီပြီး ကျွန်တော့်ကိုကြည့်နေတယ်။ ကျွန်တော်က သူ့နားတိုးပြီး . . .

"မိသိန်းအေး . ."

ကျွန်တော့် ခေါ်သံကြားတော့ သူ့မျက်လုံးပြူးသွားတယ်၊ နောက် အံ့ဩတကြီးနဲ့

"ဟင် . . အရက်တွေ သောက်လာတယ်"

"ပါးပါးလေးပါ"

ကျွန်တော့် အဖြေစကားကြားတော့မိသိန်းအေး လန့်သွားဟန်နဲ့ . .

"ဟင်း . . အရက်သောက်လာရင် မှားမယ်နော်၊ ကျွန်မသွားတော့မယ်"

သူ ဘာပြောပြောကျွန်တော်လည်း ဂရုမစိုက်ဘဲ သူ့ဖရှုထပ်တိုးလိုက်တယ်၊ သူ



ကတော့ ကတုန်ကရင်နဲ့ သူ့ကိုယ်သူ ဟိုဟာကွယ်၊ ဒီဟာ ကွယ်လုပ်ရင်း. .

"ကိုကို ... မှားမယ်နော်၊ မှားကြတော့မယ်နော်"

ဆိုပြီး ကြောက်လန့်တကြား ပတွတ်ပတွတ်နဲ့ ပြောနေတယ်။ ကျွန်တော့်မှာလည်း အဲဒီစကားပဲ ထပ်တလဲလဲကြားနေရတော့ ကျွန်တော့်ကို အားပေးပြောသလိုကိုထင်လာတယ်။ စဉ်းစားကြည့်လေ . . . .

"မှားတော့မယ်နော်။ မှားကြတော့မယ်နော်။ မှားကိုမှားကြတော့မှာနော်"

ဆိုတော့ မှားချင်လို့ပြောတယ်လို့ကို ထင်လာရတယ်။ ဒါကြောင့်

"ကိုကို ... အဲလို မလုပ်နဲ့နော်၊ မှားမယ်နော် မှားကြမယ်နော်"

ဘာမှကိုမလုပ်ရသေးဘူး၊ လက်ကလေးတောင် မကိုင်ရသေးဘူး သူထအော်တယ်။ ပြီးတော့ ဖတ်ခနဲ ကျွန်တော့်ကို ရှောင်ပြေးဖို့လုပ်တယ်။ ကျွန်တော်ကလည်း သိတယ်မဟုတ်လား။ အဲဒီကိစ္စဆို မြန်တယ်။ ဖျတ်ခနဲ သူ့လက်ကိုလှမ်းဆွဲပြီ . . .

"ကိုကို အဲလိုမလုပ် . . ။ အဲ . . ဘာတွေလျှောက်ကိုင် . . ဟယ်. လွှတ်လေ . . . ကိုကို .. အဲလိုမလုပ်နဲ့ "

သူ့ရဲ့ ကျယ်လောင်တဲ့အော်သံ၊ ကျွန်တော် ဂရုမစိုက်တော့ဘူး. .

"ဟင် . . မာမာကြီး . . . ဟ . . . ဘယ်လိုပါလိမ့်"

ကြည့်ဦး။ ကိုယ်ကလည်း ဘယ်လောက်မူးနေတယ် မပြောတတ်ဘူး။ သူ့အသံပြကြီးနဲ့ ထအော်နေတာကို ဂရုမစိုက်ဘူး။

သူ့ အော်သံကြားတော့ မိချမ်းလန်းတို့အမေ ကပျာကယာနဲ့ဆင်းလာတယ်။

"ဟဲ့ . . မိသိန်းအေး . . . ဘာဖြစ်တာလဲ . . . ဘာဖြစ်တာလဲ"

ဆိုပြီး ထိတ်ထိတ် ပျာပျာမေးတယ်။ ကျွန်တော်တို့ နှစ်ယောက်ကလည်း အုန်းပင် ကြီး ကွယ်နေတော့ သူမမြင်ရဘူးပေါ့။ ဒါကို မိသိန်းအေးက သူ့အသံပြကြီးနဲ့ . . .

"ဘာမှမဖြစ်ဘူး. . . အကြီး . . ဟိုး . . . ကိုကို . . . မလုပ် . . . အဲ လွှတ်လေ . . . လွှတ်"

ကိုယ်ကလည်း မူးနေတာဆိုတော့ အလုံးကိုစုံနေတာ။ အဲဒါကို ပြောတာဖြစ်မယ်။အလုံးစုံ ကောင်းမွန်တယ်ဆို သိတာ. .

"အာ . . လွှတ်ပါဆို မလွှတ်ဘူးလား"

သူ့ရဲ့အော်သံကြားတော့ မိချမ်းလန်းတို့ အမေကလည်း . . .

"ဟဲ့ သိန်းအေး . . ဘာဖြစ်နေတာလဲ၊ ငါလာခဲ့ရမလား"

မလာနဲ့ကြီးကြီး . . မလာနဲ့ မကျဲဘူး။ မကျဲဘူး"

မကျဲဘူးဆိုတာ မလှဘူးလို့ မွန်လိုပြောတာ။ သဘောကတော့ မြင်ကွင်းမလှဘူးပေါ့။ ကျွန်တော်ကလည်း မရဘူး အတင်းဆွဲထားတာ။

"မိသိန်းအေး ငါလာပြီနော်"

"မလာနဲ့ ကြီးကြီး . . မကျဲဘူးဆို"

"မရဘူး။ မရဘူး လာပြီ"

ဟိုကလည်း အတင်းလာ၊ ကျွန်တော်ကလည်း မိသိန်းအေးကို အတင်းဆွဲနဲ့၊ နောက်ဆုံး မိသိန်းအေး သည်းမခံနိုင်တော့ဘူးထင်တယ်။ သူလွှတ်နေတဲ့ လက်တစ်ဖက်နဲ့ ကျွန်တော်အညှစ်လွှတ်တဲ့ အုန်းသီးတစ်လုံးကိုဖြုတ်ပြီး . . .

"အင်းဟာ . . . "

ဆိုပြီး ကျွန်တော့်ခေါင်းကို ခွပ်ခနဲထုချလိုက်တယ်။ ခေါင်းထဲ ကြယ်တွေလတွေကို စုံသွားတော့တာပါပဲဗျာ။ ပြီးတော့ ဘာမှသတိမရတော့ဘူး။ မိသိန်းအေးရဲ့ . . .

"ဒီမှာလာကြပါဦး။ ကိုကိုမူးလဲနေလို့"

ဆိုပြီး ခွေခွေလေးဖြစ်နေတဲ့ ကျွန်တော့်ဘေးနားမှာ ယောင်နတောင်ပေါင်တောင်နဲ့ရပ်နေတယ်။ ပြီးမှ ကြောင်စီစီနဲ့ ကိုင်ထားတဲ့ သုံးနှစ်အုန်းကြီးကို လွှတ်ချလိုက်တာ . . ချိန်ပြီး ချရင်လွှဲဦးမယ် . . တကယ်ဗျာ . . . .

"ဗွား . . ."

ဆံပင်ပါထောင်သွားတယ်။ အဲဒါကိုအသည်းနာတာ။

www.burmeseclassic.com

နောက်တစ်နေ့မနက် အလုပ်ထဲမှာတွေ့တော့ မိသိန်းအေးက ပြုံးစေ့စေ့နဲ့ပဲဗျ။ ဘယ့်နှယ်နေသေးလဲဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်ကြည့်သွားတာ။

ကိုယ့်မှာတော့ နဖူးကအဖုကို လူမမြင်အောင်ထိန်းရတာတစ်မျိုး ဟိုကိစ္စ လူမသိအောင်ဖုံးဖိမျက်နှာပိုးသတ်ထားရတာတစ်မျိုးနဲ့ အနေရကိုခက်ကရော့ပဲ . . ။

ကျန်တဲ့လူတွေကလည်း ကျွန်တော်နဲ့ မိသိန်းအေးရဲ့ မနေ့ညက အဖြစ်ကို မသိတာလား။ မသိချင်ယောင်ပဲ ဆောင်ပေးနေကြတာလားမသိဘူး။ ခပ်တည်တည်ပဲ . . . ဒါပေမယ့် ကိုယ့်နားဖြတ်ပြီး ပြုံးစေ့စေ့ လုပ်သွားရင်တောင် ကိုယ့်ကိုယ်ကိုယ်

မလွှမလဲကို ဖြစ်နေတာ . . .

မိသိန်းအေးတောင်းမှုသာစုဒေါ် ရမလားပဲ . . .

www.burmeseclassic.com

မိသိန်းအေးကလည်း လူထဲကလူပဲမို့ လူလို သူလို ရန်ဖြစ်တတ်တယ်။

သူတို့ရွာသားအချင်းချင်းတော့ ရန်ဖြစ်ကြတာရယ်တော့ အတော့ကိုရှားပါတယ်။ အဖိတ်နေ့ ဆွမ်းချက်တဲ့အချိန်မျိုးဆိုရင်တော့ အရှေ့ကျောင်း၊ အနောက်ကျောင်းပြိုင်ပြီး စကားများတာမျိုးတော့ ရှိတာပေါ့။ ဘယ်သူ့ဆွမ်း၊ ဘယ်သူ့ဟင်းကပိုသာတယ် ဆိုပြီးတော့၊

ကျန်တဲ့အချိန်တွေဆို တည့်သလားမမေးနဲ့။ ရန်ဖြစ်ဖို့ နေနေသာသာ စကားအကြီးအကျယ်များတာတောင်မရှိဘူး။

၊ အဲ . . . ဒါပေမယ့် သူတို့စကား ပုံမှန်များ



www.burmeseclassic.com



ကြားတဲ့သူတွေရှိတယ်။ အဲဒီလူတွေက ကျွန်တော်တို့ဆိုဒ်တွေကို ကျောက်သဲ သယ်ပြီးတဲ့ လှေတွေ၊ အားလုံးက မိန်းမတွေချည်းပါပဲ။ သူတို့တွေက ကျောက်တွေ သဲတွေ တင်တဲ့ အချိန်ကျရင် လှေနဲ့လာကြတယ်၊ ဒီကိုရောက်လာရင် ကမ်းနား ကို ကျောက်တွေ၊ သဲတွေပုံကြတယ်။ လက်ခံသူတွေက ကျောက်ပုံး တွေ၊ သဲပုံးတွေနဲ့ ခြင်ပြီးလက်ခံရတယ်။ ကျောက်ဘယ်နှကျင်း၊ သဲဘယ်နှ ကျင်း ဆိုတာကိုပေါ့။

လှေတစ်စင်းမှာပျမ်းမျှ ခြောက်ကျင်းနဲ့ ရှစ်ကျင်းပါတတ်တယ်။ တချို့ လှေကြီးမှာ ဆယ်ကျင်း ဆယ့်နှစ်ကျင်းပေါ့။

လှေတွေက ကျွန်တော်တို့ဘက်ကအခေါ် သမ္ဗန်တွေပေါ့။ လှေဦး ခိုက်ပြီး ပုံပိုင်းထောင်နေတယ်။ တချို့လည်း ပဲ့ထောင် လို့ခေါ်ကြတယ်။ အဲဒီလှေတွေပေါ်မှာ ကျောက်သဲတွေနဲ့အတူ အတင်အချလုပ်ပေးတဲ့သူတွေ ပါလာတယ်။ လှေတစ်စီးမှာဆိုပုံမှန် သုံးယောက်လေးယောက်၊ တချို့က ခြောက်ယောက်၊ အဲဒီလို၊

သူတို့တွေမြစ်ထဲမှာကျောက်စုပ်၊ သဲစုပ်ကစပြီး ဒီမှာပြန်လာချတဲ့ အထိ လှေပေါ်မှာပဲနေကြတယ်။ လူတွေက ပုပုတိုတို ကျားကျားလျားလျား တွေ၊

အဲဒီအဖွဲ့ရဲ့ မိသိန်းအေးတို့အဖွဲ့ အမြဲရန်ဖြစ်ကြတယ်။ ကျောက် တွေ သဲတွေချရင် အလုပ်နဲ့နီးတဲ့နေရာချပေးပေါ့။

ဟိုကလည်း မဟုတ်ဘူး ကျောက်တွေသဲတွေကို ကမ်းနားမှာ တင်ပုံပုံခဲ့တာ၊ မိသိန်းအေးတို့ပြန်သယ်ပေးရတာပေါ့။

ဒါကိုမိသိန်းအေးတို့က တံတားနားထိပုံခိုင်းတယ်။ တံတားနဲ့ဝေးတဲ့ နေရာမှာပုံကြတယ်။ အဲဒီကစပြီးစကားများ ကြတာပဲ၊

နှစ်ဖက်လုံးကကလည်းအလျှော့မပေးကြဘူး ။

သူတို့ရန်ဖြစ်တာလည်း ရယ်ရတယ်၊ ဟိုကပြောတယ်၊ သူတို့က ပြောတယ်။ တစ်ယောက်စကားလည်း တစ်ယောက် နားမလည်ကြဘူး။ အဲ . . . ရိုင်းမင်းသိမင်းတော့ သိတာပေါ့။ ကြာတော့ သည်းမခံနိုင်တော့ဘူး ဖြစ်လာတယ်။ တက်သည့်မှတ်သမျှ ချကြပါလေရော . . . ။

❀ ❀ ❀

[illegible]

မိသိန်းအေးတို့အိမ်မှာ အပျိုပေါက်လို့ခေါ်တဲ့ (ကျွန်တော်တို့ အခေါ်) နိုက်ပေါက်ရှိတယ်ဗျ။

မိသိန်းအေးတို့ အိမ်တင်မကပါဘူး။ ဒီရွာမှာရှိတဲ့ အပျိုအိမ်တိုင်း ရဲ့အပျိုခန်းတွေမှာ ဒီအပေါက်ရှိကြတယ်။ အဲဒီအပေါက်ကို မိဘတွေကိုယ်တိုင်က ဖောက်ပေးတာ။ အပေါက်ကကြမ်းပြင်မှာ အရှည်ခြောက်လက်မ ဗျက်တလေးလက်မ လောက်ရှိတယ်၊ ခင်းထားတဲ့ကြမ်းပေါ်မှာလည်း မှုတည်တာပေါ့။ ကြမ်းတွေကများသောအားဖြင့် ခြောက်တစ်လက်မနဲ့ ခင်းကြတာကိုး။ ခြောက်တစ်လက်မပျဉ်ကို လျှာထိုးနဲ့ဆိုတော့ လေးလက်မ လောက် ကျန်တယ်။ လူတစ်ယောက်ရဲ့လက်တစ်ဝင်စာပေါ့။အဲဒီအပေါက်



www.burmeseclassic.com



က ခေါင်းရင်းပိုင်းမှာလည်း မဟုတ်ဘူး။ အိပ်နေတဲ့ လူရဲ့ပခုံးလောက်မှာရှိတယ်။ မနက် သူ့အိပ်ရာရဲ့ဘေးကပ်လျက်မှာတင်ရှိတာ။ အိပ်တဲ့လူကမှတည်လို့ အပေါက်က အပြောင်းအလဲရှိနိုင်တယ်။ ဥပမာ. . . အိပ်တဲ့လူက တောင်ဘက်မှာရှိရင် အပေါက်က တောင်ဘက်ယွန်းယွန်းမှာရှိနိုင်တယ်။ မြောက်ဘက်အိပ်ရင် မြောက်ဘက်စွန်းမှာ ရှိသွားတတ်တယ်။

အဲဒီအပေါက်ရဲ့ ကောင်းမှုကတော့ ဒီကောင်မလေးကြိုက်တဲ့ကောင်ကလေးသာ အဲဒီအပေါက်ကို သွားခေါက်ခွင့်ရှိတယ်။ အပေါ်မှာ အိပ်နေတဲ့ မိန်းကလေးက 'ဘယ်သူလဲ' လို့မေးရင် ကိုယ့်နာမည်ပြော၊ သူကျေနပ်တဲ့သူဆို အဲဒီအပေါက်လေးဖွင့်ပြီး စကားပြောလို့ရတယ်။ ရုပ်မြင်ယုံကြားပေါ့ဗျာ သူမကြိုက်တဲ့လူဆို အပေါက်ဖွင့်မပေးဘူး။

အဲဒါကိုမှ မကျေနပ်လို့ ဆက်ခေါက်နေရင် မိန်းကလေးတွေက လူကြီးမိဘတွေနဲ့ လှမ်းတိုင်တတ်တယ်။ အဲဒါဆို ပြေးပေလော့ပဲ။ မပြေးနိုင်ရင် လူကြီးကောက်ရိုက်တဲ့ ရူးချွန်က နေရာရွေးတာမဟုတ်ဘူး။

ကျွန်တော့်ရဲ့ မိသိန်းအေး အိပ်ခန်းမှာလည်း အဲဒီအပေါက်ရှိတယ်။

အဲ . . ပြောစရာရှိတယ်။ ကျွန်တော်သိတဲ့ ကောင်မလေးတွေအားလုံးကုတင်နဲ့မအိပ်ကြဘူးဗျ။ ကြမ်းပြင်ပေါ်မှာပဲ တစ်ခုခုခင်းပြီး အိပ်ကြတာကလား။ ခုနပြောတဲ့ အပေါက်ဘေးမှာလေ. . ။ ကျွန်တော်က မိသိန်းအေးကို မေးကြည့်တော့ . .

"အင်း ရှိတော့ ရှိတယ်။ ဒါပေမယ့် ညီမမိကျဲချမ်း(မလှချစ်)က ပူအခန်းထဲမှာပဲအိပ်တာ အဆင်ပြေမှာမဟုတ်ဘူး"

မိကျဲချမ်းက ရှစ်နှစ်သမီးလောက်ရှိသေးတာ။ အဲဒါကို အမေနဲ့မနေဘဲ မိသိန်းအေးနဲ့တင် ပျော်နေတယ်။ အေးလေ . . အမေက အိုလှပြီကိုး . . ။ ဘယ်လိုဖြစ်ဖြစ် သိပ်အလိုလိုက်နိုင်တော့မှာမှမဟုတ်တာ။ ဒါကြောင့် အလိုလိုက်နိုင်တဲ့ မိသိန်းအေးနဲ့ ပျော်နေနိုင်တာပေါ့။

ထားပါတော့ . . . ကျွန်တော်ကလည်း မိသိန်းအေးနဲ့ ဝီလိုဝီလို အလွမ်းချင်နေသူဆိုတော့ . . . .

"ဘာဖြစ်လဲ ညီမအိပ်တဲ့အချိန်မှ လာမှာပေါ့"

ဆိုတာကို မိသိန်းအေးက . .

"မလာနဲ့ မလာနဲ့ လာရင် အဆင်ပြေမှာမဟုတ်ဘူး"

ဆိုပြီး လှည့်ထွက်သွားတယ်။ ကျွန်တော့်ရဲ့ စိတ်ထဲမှာတော့ နေနှင့်ဦးပေါ့ကွာ . . အဲဒီအပေါက်ကို ငါမရရအောင်ရှာပြီး . . ။ အင်း . . အင်း . . . ပေါ့ကွာ။

ညက ကပွဲလို မီးဖုတ်ထားသလို မည်းနိုတ်ကြီး

ကျွန်တော်က တပည့်ကျော်ပေါက်ကျိုင်းကို အရက်တစ်ပိုင်းနဲ့ ပိုက်ဆံငါးဆယ်ပေးပြီး စည်းရုံးထားတယ်။

မိသိန်းအေးတို့ အိမ်ရောက်ရင်ငါ့ကို ကုန်းပိုးပေးပြီး ကုန်းမှ မပိုးရင်လည်း ဒီအပေါက်ကိုမမီနိုင်ဘူး။ မြှော့အိမ်တွေက မြေတံရှည်အိမ်တွေလေ။

ဟိုကောင်ကလည်း ပိုက်ဆံလည်းရ အရက်လည်းသောက်ရတော့ အဲဒီပရောဂျက်ကို လက်ခံလိုက်တယ်။

အချိန်ကတော့ နည်းနည်းစောသေးတယ်။

www.burmeseclassic.com

ညရှစ်နာရီလောက်ပဲရှိဦးမယ်။ ဒါပေမယ့် လကွယ်ရက်ပိုင်းဆိုတော့ ညကမည်းကတူးနေပြီ။ ရွာထဲမှာ ဖြတ်သွားဖြတ်လာလူတွေလည်းရှိသေးတယ်။ ကျွန်တော်တို့နှစ်ယောက် အဲဒီလူတွေကို အကာအကွယ်ယူပြီး မိသိန်းအေးတို့ အိမ်အောက် ပြေးကပ်လိုက်တယ်။

မိသိန်းအေးတို့ အိမ်မှာ နွားမွေးထားတယ်။ ဒါပေမယ့် အိမ်အနောက်ဘက်မှာ နွားတင်းကုပ်နဲ့ မွေးထားတာဆိုတော့ နိုးပလုံပလုံပြဿနာမရှိပါဘူး။

"ဟေ့ကောင် မိသိန်းအေးအိပ်ခန်းက ဘယ်မှာလဲ"

ကျွန်တော့်အမေးကို ပေါက်ကျိုင်းက . .

"အဲဒါတော့ ကျွန်တော်လည်း ဘယ်သိပါ့မလဲ . . ကိုကိုက ကိုယ့်ဘာသာကိုယ် မစုံစမ်းထားဘူးလား"

ကျွန်တော်ခေါင်းကုတ်မိတယ်။ ဟုတ်တယ်။ အားလုံးကြိုတင်မြင်ဆင်ခဲ့ပြီးမှ အဲဒီတစ်ခုမေ့လာတယ်။ ဒါနဲ့ပဲ . .

"နေဦးကွ၊ အရှေ့မှာက ဧည့်ခန်းဆိုတော့ အလယ်ခန်းက အဘိုးကြီး၊ အဘွားကြီးအိပ်မှာပဲ။ နောက်ဖေးမီးဖိုဆောင်နဲ့ကပ်လျက်က မိသိန်းအေး အခန်းဖြစ်နိုင်တယ်။ နေဦး အသံနားထောင်ကြည့်ဦး"

အိမ်ပေါ်မှာက စကားသံတွေကြားနေရတုန်း။ အစောကြီးရှိသေးတာဆိုတော့ ဘယ်သူမှ အိပ်ပုံမပေါ်ဘူး။

ကျွန်တော်လည်း ကိုယ့်ပြဿနာနဲ့ကိုယ်မို့ အိမ်အနောက်ဘက်ကို ခပ်သွက်သွက်သွားလိုက်တယ်။ သိတယ်မဟုတ်လား။ ပြဿနာကအရှေ့မှာလည်းမရှိဘူး၊ အနောက်ကိုလည်းမရောက်ဘူး၊ အဲဒီကြားထဲက အရှေ့အလယ်ပိုင်း ပြဿနာဆိုတော့ ဖြေရှင်းရခက်တယ်။

အိမ်တွေရဲ့မီးဖိုက ရှာရမခက်ဘူး။ သူက အိမ်မကြီးနဲ့ တစ်ဆင့်နိမ့်ပြီးလုပ်ကြတာကိုး။ အခုက ရှာရခက်နေတာက အပေါက်။ မိသိန်းအေးရဲ့အပေါက်၊ အဲလေ . . မိသိန်းအေး အိပ်ရာဘေးက အပေါက်။ အဲဒီအပေါက်တွေ့မှ အလုပ်ကဖြစ်မှာ . . ။ ဒါကြောင့် အသည်းအသန် အဲဒီအပေါက်ကို လိုက်ရှာရတော့တာ။ အပေါက်ကလည်း ကြမ်းပြင်ကိုမှ ဖြတ်



www.burmeseclassic.com



ပြီးဖောက်ထားတာဆိုတော့ တော်ရုံရှာလို့မရဘူး။ ဒါကြောင့် ကြမ်းတစ်ခင်းစီကို ချောင်းလိုက်ခေါက်နေရတော့တာ။

"မိသိန်းအေး၊ မိကျဲချမ်း အိပ်ပျော်နေပြီ။ အိပ်ရာထဲသွားမို့ပေးလိုက်"

မိသိန်းအေးတို့အမေရဲ့စကားသံ။

"ဟော . . . မိသိန်းအေး . . . အခန်းထဲဝင်လာပြီ"

ကျွန်တော်ကတော့ အပေါက်ကိုရှာမတွေ့သေးဘူး။ မိသိန်းအေး ပြုမကို ချလိုက်တဲ့နေရာကို မှန်းလိုက်တယ်။

"ဟုတ်ပြီ သိပြီ ဒီနေရာပဲ"

နေရာမှတ်ပြီးတာနဲ့ အဲဒီနေရာကို ကမန်းကတမ်းသွားလိုက်တယ်။ နောက် . . . .

—၂၀—

"မိသိန်းအေး . . မိသိန်းအေး"

ကျွန်တော်လေသံလေးနဲ့ ခေါ်လိုက်တယ်။ မိသိန်းအေးက မိကျဲချမ်းကို နေရာချလိုက်၊ အိပ်ရာပြင်လိုက်နဲ့ဆိုတော့ ကျွန်တော့်ခေါ်သံ ကြားပုံမရဘူး။ ဒါကြောင့် သူ့မိဘလည်း မကြားရလေအောင် အသံနည်းနည်းမြှင့်ပြီး . . .

"မိသိန်းအေး . . မိသိန်းအေး"

မိသိန်းအေး ဒီတစ်ခါတော့ အသံကြား၍ ထင့် လုပ်လက်စအလုပ်များ ရပ်သွား၏။ ကျွန်တော်က သာ သူကြားရုံလောက်သောအသံဖြင့် . . .

"မိသိန်းအေး . . မိသိန်းအေး . . နင့်အပေါက် . . ဟဲလေ. . နင့်အခန်းကအပေါက် ဘယ်မှာလဲ"

မိသိန်းအေးက အသံကြားရာကြမ်းပြင် နားကပ်ပြီး . .

"ဘယ်သူလဲ အိမ်အောက်မှာ ဘယ်သူရောက်နေတာလဲ"

တိုးတိုးဖွဖွမေးသံ။ ကျွန်တော်က . . .

"ငါပါ ကိုကိုပါ . . နင်နဲ့စကားပြောရအောင်လာတာ"


ကျွန်တော့် အသံကြားတာနဲ့ မိသိန်းအေးက . . .

"ဟယ် . . . ကိုကိုအစောကြီး ဘာလာလုပ်တာလဲ . . အဖေနဲ့ အမေတောင် မအိပ်သေးဘူး"

ဆိုပြီးသူ့ကြမ်းပြင်က အပေါက်ကို ဖွင့်ပြီးငုံ့ကြည့်တယ်။ တွေ့ပြီ၊ သူ့ကြမ်းပေါက်က တောင်ဘက်မှာရှိတာကိုး။ သူ အိပ်တဲ့ညာဘက်မှာပေါ့၊ အပေါက်ကိုလည်းတွေ့ရော ကျွန်တော်လည်း ဝမ်းသာသွားပြီး . . .

"ဟော့တောင် ပေါက်ကျိုင်းငါ့ကိုထမ်းပေးဦးဟ"

ဆိုပြီး ခါးထောင်းကျိုက်ကာ တပည့်တော်ကို ထမ်းခိုင်းလိုက်တယ်၊ မထမ်းခိုင်းရင်လည်း မမီဘူးလေ၊ အိမ်ကြမ်းခင်းက ကျွန်တော်တို့ တစ်ဖောင် မရှိတရှိမှာမှရှိနေတာကိုး။



www.burmeseclassic.com


တော်ဝင်မြို့တော်စာအုပ်တိုက်

ဟိုက်ဒေလိုပြီ…လက်က အပေါက်နဲ့ကန့်လန့်ကြီးဖြစ်ပြီ
တံတောင်ကျွေးနဲ့ညှပ်ပြီးရုတ်တရက်ဖြင့်

ကျွန်တော်လည်း အပေါက်နားရောက်ရော . . .

"မလာနဲ့ ပြောထားတာ . . ဘာလို့လာတာလဲ . . ။ နောက်လာတဲ့ အချိန်ကလည်း အစောကြီး ဘယ်သူမှတောင် မအိပ်သေးဘူး"

သူ့စကားကို ကျွန်တော်က . . .

"ငါလည်း နင့်ကိုတွေ့ချင်လို့လာတာပေါ့ . . . ။နင့်ကိုမတွေ့ရရင်"

ဆိုတဲ့ ပွစိပွစိစကားသံနဲ့အတူ သူ့အမေပြန်ထွက်သွားတဲ့ ခြေသံ ကြားရတယ်။ အဲဒီတော့မှ မိသိန်းအေး ခုန်ထလာပြီး . . .

"ဟင် . . ဒီကောင် ကမြင်းချတဲ့ လက် . . ကဲ ဟာ"

ဆိုပြီး ဆတ်ခနဲ ဖမ်းကိုက်လိုက်ပြီး လူကြီးတွေမသိအောင် သနပ်ခါးအမြစ်တုံးကြီးနဲ့ဖိထားတယ်။

"အား . . ."

ချက်ချင်းမျက်ရည်ဝိုင်းလောက်အောင် နာပေမယ့် . . အသံ ထွက်မအော်ရဲဘူး။ ကြိတ်ခံနေရတယ်။ ကိုယ်မှာ တံတောင်ကွေးက ကြမ်းနဲ့ညပ်လို့ နာရတာတစ်မျိုး။ သနပ်ခါးတုံးကြီးနဲ့လှိမ့်လို့ နာရတာ တစ်မျိုးနဲ့ တူးဗီး(လ်) ကြီးဖြစ်နေတယ်။ အတော်ကြာမှ လက်က ကြမ်းပေါက်နဲ့ ပြန်တည့်ပြီး ထွက်လို့ရတော့တယ်။ ကျွန်တော့်လက်လည်း အပြင်ပြန် ရောက်ရော . . .

"မိသိန်းအေး . မိသိန်းအေး . . . ဟာ"

မိသိန်းအေးရဲ့ ကြမ်းပေါက် လည်းဂွပ်ဆိုပြန်ပိတ်သွားတယ်။ ကျွန်တော်နဲ့ပေါက်ကျိုင်းလည်း မိသိန်း အေးတို့ အိမ်အောက်မှောင်မှောင် မည်းမည်းမှာ ခြေကုန်လက်ပန်းကျပြီး ဆောင့်ကြောင့်ထိုင်နေမိတော့တယ်။ ဘယ်လောက်ကြာကြာ ထိုင်နေမိသလဲ မသိတော့ပါဘူးဗျာ။

"အစ်မ ငါသေးပေါက်ချင်တယ်"

ဆိုတဲ့ မိကျဲချမ်းရဲ့အသံ ကြားမှ သတိရတော့တယ်။ သတိရလို့



www.burmeseclassic.com

ပျော့ပြီ…ပြီတော့ ဖျတ်ခနဲပွင့်လာတဲ့ မိသိန်းအေးရဲ့ ကြမ်းပေါက်။ အဲဒီ ... ကျွန်တော်လည်း မျက်လုံးပြူးသွားပြီး . .

"...ကောင် . . ပြေးပါဟ . . ပြေးပါ . . ပြေးနိုင်မှလွတ်မယ်"

ဆိုပြီး ထထပြေး။ ကျန်နေတဲ့ ပေါက်ကျိုင်းကလည်း ကယောင် ... . .

"ဘာလဲဟ . . ဘာဖြစ်တာလဲ"

ဆိုပြီး မော့အကြည့် . .

"ဟာ . ."

ဆိုတဲ့ အာမေဋိတ်သံနဲ့အတူ . .

သီသီလေးဗျာ။ ဒီကောင် မိုးကြိုးအပစ်မခံရတာ။ သူ့ခြေလှမ်း နှစ်လှမ်းလောက်မှာတင် ရှဲခနဲ ကြက်ဥကြော်သံကြားရတယ်။

ငါးပိုက်ချလို့ ပြန်ဖော်ရင်လည်း ပြတာပဲ၊ ဧည့်သည်
လာလို့လည်းပြတာပဲ၊ ယုတ်စွအဆုံး အိမ်က
ခနွဲ့အလှန် အသီးသီးရင်တောင် ....



မိုးသိန်းအေးတို့ ရွာမှာ အရင်က ဗီဒီယိုပြ ဆယ်ဖိုတာမရှိဘူး၊ အဲ ကျွန်တော်တို့ရောက်ပြီး မကြာခင်မှ ဗီဒီယိုယဉ်ကျေးမှုစ,ရှိတော့တာ၊

ဗီဒီယိုယဉ်ကျေးမှု ရှိလာတော့လည်းဗျာ ပြလိုက်တဲ့ဗီဒီယို ညတိုင်းကို မီးမသေဘူး၊ အစ ကတော့ အလှူပွဲ၊ မင်္ဂလာပွဲရှိမှ ပြကြတာ၊ နောက် တော့ ဘာလိုမှတော့ဘူး၊ ကိုယ့်အိမ်က ဆိတ် ကလေးမွေးရင် လည်းပြတာပဲ၊ အသုဘဆိုလည်း ပြတာပဲ၊ ငါးပိုက်ချလို့ ပြန်ဖော်ရင်လည်း ပြတာပဲ၊ ဧည့်သည်လာလို့လည်းပြတာပဲ၊ ယုတ်စွအဆုံး အိမ်က ခနွဲ့အလှန် အသီးသီးရင်တောင် ဗီဒီယိုပြပြီး ပွဲကျင်းတော့တာ၊

www.burmeseclassic.com

ဟုတ်ကဲ့ . . .။ ဘာလို့ အဲသည်လောက်ထိ ဗီဒီယိုပြနေသလဲ မေးစရာရှိတယ်။ ရှင်းရှင်းလေး။

ဗီဒီယို ငှားခက ရှစ်ရာ။ ဂလုတ် ဂလုတ်လို့ခေါ်တဲ့ ဆင်၊ ကျား၊ ဂဠုန်၊ ကြက်၊ ကဏန်း၊ ဖား၊ ခြောက်ကောင် အံစာဝိုင်းတစ်ဝိုင်းကို အကောက်က နှစ်ရာ၊ ငါးဝိုင်းလာရင် ဗီဒီယိုပြတဲ့ လူက နှစ်ရာမြတ်ပြီ။ ဒါကြောင့် ကလေးအမည်ပေးကနေ၊ ခွေးကလေးမွေးတာကအစ ဗီဒီယိုပြကြပြီပေါ့။

ဗီဒီယိုပြလို့ ဂလုတ်၊ ဂလုတ်ဝိုင်းများရင် မိသိန်းအေးပျော်ပြီ။ ဘာလို့လဲဆိုတော့ ဂလုတ် ဂလုတ်ဝိုင်းရှေ့ မိသိန်းအေးရပ်လိုက်ပြီဆိုတာနဲ့ ဂလုတ် ဂလုတ်ပိုင်ရှင်က ငွေငါးကျပ်ထုတ်ပေးရတယ်။ အစကတော့ ကျွန်တော်လည်း မသိဘူး။ ဘာဖြစ်လို့ မိသိန်းအေးကို ဂလုတ် ဂလုတ်ဝိုင်းက ပိုက်ဆံပေးရတယ်ဆိုတာ နောက်မှ သိရတယ်။ မိသိန်းအေးတို့အဖေကအရင်က ဂလုတ်ဂလုတ်ဝိုင်းတွေ အများကြီးထောင်ပြီး ငှားစားတာ။ ဒါကြောင့် မိသိန်းအေးက ဂလုတ်ဂလုတ်ဆွဲတာ သူမတူအောင် ကျွမ်းကျင်တယ်။ ကိုယ်ပိုင်ဂလုတ်ဂလုတ်တွေရှိနေတော့ အမြဲတမ်းဆွဲကစားနေလို့လည်းဖြစ်မှာပါ။

အခုအချိန်ကျတော့ သူက ကစားဖို့မလိုတော့ဘူး။ ဂလုတ်ဂလုတ်ဝိုင်းတွေကလည်း ပေးမကစားတော့ဘူး။ သူက ဘယ်ခုံမျိုးမဆို ဆင်ဆိုဆင်သုံးကောင် ကျားဆိုကျားသုံးကောင်ဆွဲလို့ရတာကိုး။ ဂလုတ်ဂလုတ်ထုံးစံအရ တစ်ကောင်ဆို တစ်ဆ၊ နှစ်ကောင်ဆို နှစ်ဆ၊ သုံးကောင်ဆို





www.burmeseclassic.com



"[illegible] ကျွန်မမှ အဲဒီနေရာမျိုးတွေ မရောက်ဖူးတာ။ သူတို့ အဲဒီမှာ ဘာ။ ဘယ်လိုပြသနေကြဖြစ်နေပါ

[illegible]တာကိုး။

မိသိန်းအေးတို့ ပုံမှန်သုံးကောင်ချည်းဆွဲနေရင် ဒိုင်မွဲဖို့သာဖြစ်ပေ[illegible] ဒါကြောင့် မိသိန်းအေးဆိုရင် ဂလုတ်ဂလုတ်ပေးမဆွဲဘဲ၊ မဆွဲခ ငါး [illegible]တာပါပဲ။ ကျွန်တော်ပါသွားတော့ မိသိန်းအေးက သူ့အစ်ကိုပါ [illegible] တစ်ဆယ်တောင်းတယ်၊ ဟိုကလည်းပေးတယ်။ ဗီဒီယိုတစ်ည [illegible]မှုတွေမနည်းရတယ်။

ကျွန်တော်လည်း သူ့ကို မယုံလို့ ဂလုတ်ဂလုတ်ဆွဲခိုင်းဖူးတယ်။

ဟုတ်တယ်။ အံစာတွေကို စင်ပေါ်မှာတင် သူလှည့်လို့ရတယ်။ [illegible]လည်း သူကျွေးချင်တဲ့အကောင်ဒေါက်ခနဲကျတယ်။ တချို့ဆို [illegible]တဲ့နေရာကို တန်အားပိုကောင်းအောင်သားရေကြိုး ပိုးတပ် [illegible] မိသိန်းအေးအတွက်ကတော့ အဲဒီကြိုးလည်း အပိုပဲ။ အဲဒီ [illegible] ဆွဲချလိုက်တာနဲ့ သူလိုတဲ့အကောင် ဂွပ်ခနဲကျတယ်။

မိသိန်းအေးရဲ့ အလုပ်က အဲဒါပဲ။ ဗီဒီယိုကြည့်ရင် တော့ကား [illegible]ကြည့်တယ်။ အင်္ဂလိပ်ကားတွေလို့ မြို့ကားတော်မကြည့်ဘူး။ [illegible]တော့ . .

"[illegible] . . ကျွန်မမှ အဲဒီနေရာမျိုးတွေ မရောက်ဖူးတာ။ သူတို့ [illegible] ကြည့်သနေ့ဖြစ်နေလဲ ကိုယ်ဘယ်လိုနားလည်ပါ့မလဲ"

[illegible] . . ။ ကျွန်တော် ဒီရောက်တော့မှ တောကားနဲ့မြို့ကား ဘာလို့ [illegible] နားလည်လာတယ်။ ဒါ မိသိန်းအေးပေးခဲ့တဲ့ အသိပေါ့။

[illegible] အဲဒီညက ကျွန်တော်နဲ့ မိသိန်းအေးမှာ အရေးကိစ္စ [illegible] အဲဒါကတော့ ကျွန်တော်နဲ့အတူပါလာတဲ့ (အင်ဂျင်နီယာ [illegible]) ပရှည်းထိန်းစာရေး၊ ဇော်မျိုးနဲ့ မိသိန်းအေးတို့ရွာက

(ကျွန်တော့်အလုပ်သမားပါပဲ) မိသောင်းထူးတို့က ကြိုက်နေကြပြီး ဒီညမှာ နှစ်ဦးသဘောတူခိုးပြေးကြဖို့ ကြံကြတော့တာပါပဲ။

ဇော်မျိုးကလည်း ကိုယ့်လူ၊ မိသောင်းထူးကလည်း ကိုယ့်အလုပ်သမားဆိုပေမယ့် သူတို့နှစ်ယောက် အဲလို ရည်ငံနေမှန်း အစကကျွန်တော် မသိခဲ့ပါဘူး။ အခု ဒီညမှ မိသိန်းအေးနဲ့တွေ့ပြီး ပြောကြတော့မှ သူတို့ရဲ့ အကြံအစည်ကိုသိရတာပါ။

သူတို့အစီအစဉ်က ဒီလိုပါ။

ညဆယ့်နှစ်နာရီကျရင် မိသိန်းအေးက မိသောင်းထူးတို့ အိမ်သွားပြီး အထုပ်တွေ ဗိုင်းမ,ခဲ့ပေးမယ်။ ဇော်မျိုးက တံတားအောက်က စောင့်နေ။ အဲဒီကို သူတို့ရောက်လာရင် တံတားတင်ဖို့ ဖွဲ့ထားတဲ့ မြေတောင်ကြီးကို ကျော်ပြီး ဟိုဘက်ထွက်လိုက်ရင် မြို့သွားတဲ့ ဖြတ်လမ်းရောက်ပြီပေါ့။ အဲဒီကနေဆက်ပြီး မြို့တက်ပြီး တစ်နေရာရာမှာ ခိုနေပေါ့၊ ပြီးမှ လာပြန်အပ်ပါပဲ။

ဒါကိုမှ မိသိန်းအေးက ကျွန်တော့်ကိုပါ အကူအညီတောင်းတော့ ကျွန်တော်ကပါ ဇော်မျိုးနဲ့အတူလိုက်စောင့်ပေးဖို့ ပြောလာတယ်။ ကျွန်တော်ကလည်း လွယ်ကူစွာပဲ အဲဒီအစီအစဉ်ကို လက်ခံလိုက်တယ်။ ဒါတောင် ကျွန်တော်က တစ်ယောက်တည်းဆို စိတ်မချလို့ တပည့်ကျော်ပေါက်ကျိုင်းကိုပါ ခေါ်ထားလိုက်တယ်။

ညဆယ်နာရီလောက်ကတည်းက ကျွန်တော်တို့သုံးယောက် တံတားအောက်မှာ ရောက်နေပြီ။ ခြင်ကလည်း ကိုက်သလားမမေးနဲ့ဗျာ။ ရေစပ်စပ်နားမှာဆိုတော့ ခြင်ပေါတာကတော့ ပြောမနေနဲ့တော့။ ပြတိုက်တောင်ဖွင့်ထားလို့ရတယ်။ ဒါပေမယ့် ဒါမျိုးကူညီကောင်းပါတယ်ဆိုပြီး အနာခံအံကြိတ် ငြိမ်းတော့စောင့်နေကြတာ။ ညဆယ့်နှစ်နာရီလောက် ကျတော့ မိသိန်းအေးနဲ့ မိသောင်းထူးအထုပ်တွေဆွဲပြီး ရောက်လာကြတယ်။ အထုပ်တွေကလည်းဗျာ။ ဆယ်နှစ်လောက် မပြန်လာကြတော့မယ့်အတိုင်းပဲ။ လက်မှာ တစ်ယောက်နှစ်ထုပ်စီ ဆွဲလာတဲ့အပြင် မိသောင်းထူးခေါင်းမှာပါ တစ်ထုပ်ရွက်လာသေး။ သူတို့အထုပ်တွေကိုကြည့်ပြီး ဇော်မျိုးခမျာ





[illegible] . .

"ဟဲ . . . ဇော်မျိုး မင်းဒီနှစ်ထုပ်ဆွဲသွားလိုက် . . . မင်းတို့နှစ်[illegible] ဒီမြေဖို့ထားတဲ့ဆီတက်ပြီး ဟိုဘက်ဆင်းလိုက်ရင် မြို့သွားတဲ့[illegible]ရောက်ပြီ။ အဲဒီကမှ အဆင်ပြေတဲ့ဆီ ဆက်သွားကြပေါ့"

[illegible] ဇော်မျိုးဆီကို မိသိန်းအေးသယ်လာတဲ့ အထုပ်နှစ်ထုပ်လွှယ်[illegible] ဇေါ်က အစကတည်းက ပိန်ချောင်ချောင်ဆိုတော့ အထုပ်နှစ်[illegible]ကာနဲ့ ညွှတ်ခနဲပဲ။ ဇော်က မျက်လုံးကလေး ကလယ်[illegible] မြေဖို့ထားတဲ့တောင်ကြီးကိုကြည့်ပြီး . .

"[illegible]လမ်းကလေးများမရှိတော့ဘူးလားဗျာ"

[illegible] . . . ၊ ကျွန်တော်က . .

"မှောင်လမ်းထဲမှာ ဗီဇီယိုပြနေတာ မင်းမမြင်ဘူးလား၊ အဲဒီလမ်း[illegible]ရင် တစ်ရွာလုံးသိသွားမှာပေါ့။ ဒီတောင်ပေါ်သာ ကျော်သွားပါ[illegible]ကမြင့်တယ်မှတ်လို့ရှိလှ ပေရှစ်ဆယ်တောင်တစ်သောင်း ပေါ့ . . ."

ဆိုတာကို ဇော်က မျက်လုံးလေးကလယ်ကလယ်နှင့် . .

"ကျွန်တော် . . ကျွန်တော့်ကျန်းမာရေးနဲ့ ဒီအိတ်နှစ်လုံးနဲ့က . . [illegible]မကာပ်ဘူးလားလို့ . . ."

"[illegible]ကွာ . . မိန်းမတစ်ယောက်ရဖို့ ဒီလောက်တော့ ကြိုးစား[illegible] . . ဟဲ . . သွားတော့"





www.burmeseclassic.com

ဆိုပြီး တွန်းလွှတ်မှ ဇေါ်တာ မတက်ချင် တက်ချင်နဲ့ တက်သွားတယ်၊

မိသောင်းထူးကတော့ အလုပ်ကြမ်းလုပ်နေကျဆိုတော့ ဘောက်ဆတ်ဘောက်ဆတ်နဲ့ တက်သွားတယ်။ ဇေါ်တာအနောက်ကနေ ကုပ်ချိကုပ်ချိနဲ့ ဆုတ်ကန်ကန်၊ ကျွန်တော်တို့ကတော့။

"ဩော် .. သူတို့တွေ အိုရှာပြီ"

ဆိုတဲ့အသိနဲ့ ပီတိတွေဖြစ်လို့၊

ဒီလိုနဲ့ လမ်းတစ်ဝက်လောက်လောက်လည်းကျရော၊ ဇေါ်တာ မိသောင်းထူးကိုခေါ်ပြီး ဘာ ပြောတယ်ရယ်တော့မသိဘူး။ နှစ်ယောက်ရပ်ပြီး စကားပြောတယ်။ အတော်ကြာကြာပြောပြီးမှ နှစ်ယောက်သား ပြန်ဆင်းလာကြတယ်။ မိသောင်းထူး မျက်နှာက မှုန်တုန်တုန်၊ ဟိုကောင်ကတော့ ဖုတ်လှိုက်ဖုတ်လှိုက်နဲ့ လျှာကြီးထွက်လို့ . . .။



ဖုတ်လှိုက်
ဖုတ်လှိုက်ဖြစ်နေတယ်။
မိသောင်းထူးမျက်နှာကြည့်
လိုက်တော့

"ဘာလို့ ပြန်ဆင်းလာတာလဲ"

မေးကြည့်တော့ ဟိုကောင် ဇော်မျိုးက . .

"ကျွန် . . ကျွန်တော် ဆက်မတက်နိုင်တော့ဘူး . .။ ဟူး တောင်ကြီးကလည်း အမြင့်ကြီးဗျာ။ အိတ်ကြီးကလည်းအလေးကြီး ဟီး ဟီး"

ဆိုပြီး ဖုတ်လှိုက် ဖုတ်လှိုက် ဖြစ်နေတယ်။ မိသောင်းထူး မျက်နှာကြည့်လိုက်တော့ မကျေနပ်တဲ့ အရိပ်အယောင်တွေမြင်ရတယ်၊

ဒါဆို ဘယ်လိုလုပ်ကြမလဲ၊



"တခြား တခြားလမ်းလေးများ မရှိကြတော့ဘူးလားဗျာ"

ဇော်မျိုးရဲ့အမေး။ ကျွန်တော်လည်း ဒေါသထွက်သွားပြီး

"ဘယ်လိုလုပ်ရှိမှာလဲကွ . .၊ ရှိတဲ့ တစ်လမ်းကလည်း ဒီဒီယို ပိတ်ပြနေတာ၊ ဒီအထုပ်တွေနဲ့ ဘယ်လိုလုပ်ဖြတ်ကြမှာလဲ"

ဘယ်သူမှ စကားမပြောနိုင်ကြဘူး။ အားလုံးငြိမ်နေကြတယ်၊ ကျွန်တော်ကသာ မချင့်မရဲနဲ့ . .

"ကဲ . . ဒါဆိုဘယ်လိုလုပ်ကြမလဲ"

ကျွန်တော့်အမေးကို ဇော်မျိုးက . .

"ဒီလိုလုပ်လေ . . မနက်ဖြန်ကျရင် ဒီဒီယိုက ရှိချင်မှ ရှိမယ်"

"ဟာ . . မရှိနေမလား . . ."

"မနက်ဖြန်ကျရင် နေမကောင်းဖြစ်ပြီး ဖုတ်လှိုက် ဖုတ်လှိုက်နေတဲ့ ဒေါ်ဖွားတစ်ကြီး သေချာပေါက်ဆုံးမှာပဲ ငါအသေအချာ သွားကြည့်ပြီးပြီ။ သူဆုံးတာနဲ့ ဒီဒီယိုကပြမှာပဲ၊ ဘယ်လိုလုပ်မှာလဲ"

"ရတယ်ဗျာ . . မနက်ဖြန်ကျရင် ကျွန်တော်အားဆေးအစုံသောက်ပြီး ရအောင်တက်မယ်။ ဒီညကတော့ အစ်ကိုတို့ရယ် . . ကျွန်တော်မမာလို့ပါ"

"တောတ်"

တောက်ခေါက်ရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ဘူး။ ဒါနဲ့ပဲ . .

"ကဲ . . ဒါဆိုလည်း မိသောင်းထူးကို အိမ်ပြန်ပို့ပေးကြတာပေါ့၊ မိသိန်းအေး နင်ပဲကူပြီး ပြန်ပို့လိုက်တော့"

ဆိုတော့ မိသိန်းအေးမျက်လုံးကြီးပြူးတက်သွားပြီး . .

"ဟာ . . အဲဒါတော့ မဖြစ်နိုင်ဘူး ကျွန်မသွားပြန်ပို့လို့ တစ်ယောက်ယောက်တွေ့သွားရင် ကျွန်မကို ဝိုင်းကဲ့ရဲ့ကြမယ်။ ကျွန်မပြန်မပို့ပေးနိုင်ဘူး"

တဲ့ . .။ မိသိန်းအေးက အကြောက်အကန်ငြင်းတယ်။ သူပြောတာလည်း ဟုတ်တော့ ဟုတ်တယ်။ ခေါ်လာတုန်းက ဘယ်သူမှမသိကြပေမယ့် အပြန်မှာတွေ့နိုင်တယ်၊ ဥပမာ. . . ကစားဝိုင်းကပြန်လာသူတွေ

www.burmeseclassic.com

မျိုးနဲ့ပေါ့။ မိသောင်းထူးကြည့်တော့လည်း ငိုမဲ့မဲ့နဲ့၊ ကိုယ့်ကိုယ်တိုင်ကလည်း ပြန်မပို့ ရဲဘူး။ ဒါနဲ့ပဲ..

"ကဲ .. ပေါက်ကျိုင်း ဒီကိစ္စကို မင်းပဲကူညီပြီး ပြန်ပို့ပေးလိုက်တော့ကွာ .. ငါတို့အနေနဲ့က ဘယ်လိုမှ မဖြစ်နိုင်လို့ပါ"

ပေါက်ကျိုင်းက မျက်စိကလယ်ကလယ်နဲ့ သက်ပြင်းချတယ်။ ပြီးမှ တိုးတိုးရဲ့ရဲ့ ....

"ဒုက္ခဖြစ်လာရင် ဆရာကောင်းဗိသစ္စာ တပည့်အပေါ်ပဲ ပုံချမယ်ဆိုတာ ကျွန်တော်သိတယ်။ အေးလေ .. ကံပေါ့ .. ကိုယ်ကဒီလို လူမျိုးကိုမှ ခင်မင်ပြီးဆရာတင်မိတာကိုး။ အဲဒီကတည်းက ကံဆိုးတာ"

ဆိုပြီး မိသိန်းအေးဆီက အထုပ်ကို လှမ်းယူလိုက်တယ်။ ပြီးတော့ မိသောင်းထူးဘက် လှည့်လို့..

"ကဲ .. လာ .. သွားကြစို့"

ဆိုပြီး နှမ်းယောက်သား ရွာဘက်ခြေဦးလှည့်သွားကြတော့တယ်။ အဲဒီတော့ မှ ကျွန်တော်တို့လည်း သက်ပြင်းချနိုင်တော့တယ်၊ ဟုတ်တယ်လေ.. သူ့အာသာသာသူ့အာပဲဖြစ်ဖြစ်၊ ငါမသိဘူးလုပ်လို့ရပြီကိုး။



## အခန်း ၆

နောက်တစ်နေ့မနက် အစောကြီးမှာတင် "မိသောင်းထူး လင်နောက်လိုက်ပြေးပြီ" ဆိုတဲ့သတင်းရွာထဲမှာ ကျယ်ကျယ်လောင်လောင် ကြားရပါတော့တယ်။ ကြားရတုန်းက ကိုယ့်နားတောင်ကိုယ်မယုံဘူး။ ဖော်မျိုးကြည့်တော့လည်း ပါးစပ်အဟောင်းသားနဲ့ ကြောင်စီစီ ဘာမှမသိ တဲ့ပုံစံနဲ့ ရွာထဲစုံစမ်းကြည့်တော့ ...

ဟုတ်လား။ ပေါက်ကျိုင်းက မိသောင်းထူးကို သုတ်ပြေးတာဆိုပါရောလား။

ဘယ်လိုဖြစ်ကြတာလဲ .. ဘယ်လိုမှ စဉ်းစားလို့မရဘူး။

နောက်နှစ်ရက်လောက်နေမှ ပေါက်ကျိုင်း



www.burmeseclassic.com

ရေ မိသောင်းထူးပါ ပြန်ရောက်လာကြတယ်။ နှစ်ယောက်လုံး ဟီးဟီး ဟီးဟီး ပျော်ပျော်ရွှင် ရွှင်ပါပဲ။ ပေါက်ကျိုင်းကို ခေါ်မေးကြည့်တော့။

"ကျွန်တော်လည်း သူ့အိမ်သွားပြန်ဖို့ပါတယ်။ ဒါပေမယ့် အဲဒီ အချိန်မှာ သူ့အိမ်က သူထွက်ပြေးသွားမှန်းသိသွားကြပြီလေ. . ။ သူ့အဖေ ကလည်း ဒ႑ကိုတွေ့ရင် သတ်မယ်ဆိုပြီး ဓားကြိမ်းကြိမ်းနေပြီ။ ဒါနဲ့ မိသောင်း႑းလည်း အိမ်ထဲပြန်မဝင်ရဲ၊ အထုပ်တွေကလည်းရှိနေတော့ အဟဲ. ."

"လုပ်စမ်းပါဦး နောက်တော့ဘာဖြစ်သွားလဲ"

"ကိုဇော်မျိုးမတွက်နိုင်တဲ့ တောင်ပေါ်ကတက်ပြီး ဟိုဘက်ကိုဆင်း သွားလိုက်တာပေါ့။ ဟီးဟီး"

"ဪ . . . တောင်လေးတစ်တောင်ကျော်နိုင်ရုံနဲ့ မိန်းမ တစ်ယောက်ရသွားတတ်ပါလား။ ဒါဆို ငါလည်းတက်ပါတယ်။ အဲလေ . . ဟုတ်ပေါင် . . ။ ပိုယ့်မှာတော့ ဘယ်လိုကြိုးစားကြိုးစားမရနိုင်ပါလားနော်"

အဲဒီအဖြစ်အပျက်တွေဖြစ်ပြီး ပေါက်ကျိုင်းရော မိသောင်းထူးပါ ကျွန်တော့်ဆီပဲ ပြန်အလုပ်ဆင်းကြတယ်။ အဲ . . ဒါပေမယ့် ဇော်မျိုးက တော့ အလုပ်ထွက်သွားရှာတယ်လေ။ ရှက်လို့ . . တဲ့။ တောင်လေးတစ် တောင်တောင်မတက်နိုင်တဲ့ကောင်. . ရှက်တာပဲကောင်းပါတယ်။ လွတ် လွတ်လပ်လပ်သာ ရှက်ပေရှာပေါ့. . ။ကိုယ်က ဘူးရှင်ကိုယ့်ဒူးလေးတော့ နိုင်အောင်လုပ်ထားမှပေါ့ . . . နော့ . . . ။



မိသိန်းအေးတို့ ရွာမှာ နတ်ပွဲရှိတယ်။

နတ်ပွဲဆိုတာကလည်း ဖြစ်ခဲတာတော့ မဟုတ်ဘူး။ သူ့ရွာသိနဲ့ သူ ပွဲတွေအများကြီးလုပ် ကြတာ။ သူတို့အခေါ်နဲ့ပြောရရင် မိုးရာပွဲ၊ သိုက်ပွဲ ပေါ့။ သိုက်ပွဲက(၃၇)မင်းပွဲလိုမဟုတ်ဘူး။ သေဆုံး ပြီးတဲ့ အဘိုးတွေ အဘွားတွေ သူတို့နတ်တွေကို ပြန်ခေါ်ကကြတာ။ အဲ . . (၃၇)မင်း ထဲကဆို ဦးရှင်ကြီးပါတယ်။ နံကရိုင်းပါတယ်။ အောင်နိုင်ပါ တယ် . . ဒါပဲ။ ကျန်တဲ့နတ်တွေက သူတို့ဆိုင်ရာ နတ်တွေပဲ။

သူတို့နတ်ပွဲတွေမှာ ကနားစီးမဟုတ်တဲ့ နတ်စီးတစ်ယောက်ပါတယ်။ သူ့နာမည်က စနေထိပ် တင်မြင့်တဲ့ဗျ နာမည်အရင်းက ဗာင်မြင့်တဲ့ လူက

www.burmeseclassic.com

စနေသား နေတက်ရောက်ဖွား ဆိုတော့ သူ့နာမည် သူပေးထားတယ် စနေထိပ်တင်မြင့်တဲ့ စနေထိပ်တင်မြင့်ကနတ်တွေကိုနိုင်သဗျ၊ နတ်တွေ ဆိုတာ သူဝင်ဆိုမှဝင်၊ သူထွက်ဆိုထွက်ပဲ။ နတ်မှီလို့ ဘောဒကတက် လို့မရဘူး၊ ကြိမ်လုံးစာမိသွားမယ်။ ဘာမှတ်လဲ။

ထားပါတော့။

နတ်ပွဲကို သူတို့က တစ်အိမ်ချင်းစီမကျင်းပတော့ဘဲ တစ်ရွာလုံးစာ (၇)ရက် ကျင်းပတတ်တယ်၊ စုပေါင်းသိုက်ဖွင့်ပွဲပေါ့၊အဲဒီ (၇)ရက် အတွင်းမှာ တစ်ရွာလုံး လာကကြတာပဲ။ ပါလေရာမိသိန်းအေးတို့ကတော့ ထိပ်တန်းကပေါ့။ ထဘီကိုတောင် မနိုင်လို့ ဂုန်နီအိတ်ကြိုးနဲ့ ချည်ပေးထားရတယ်၊

ကျွန်တော်သူ့ကို မေးကြည့်တယ်၊

“နတ်တရှာယ်ဝင်လို့ ကနေတာလား”

ဆိုတော့..

“မဟုတ်ဘူးကိုကို .. ဒီအချိန်မျိုးမှာ နတ်ဆိုင်းသံကြားရင်မနေနိုင်လို့ ဝင်ကတာပဲ ..။ အားလုံးကိုတော့ မြင်နေသိနေတာပဲ၊ ဒါပေမယ့် စိတ်ထဲမှာ ဘယ်လိုမှကိုမနေနိုင်တာ ... နတ်ဆိုင်းကြားရင်နှလုံးသားက ရွစိရွစိနဲ့ ကျလိကျလိထလာတာ ...”

အဲဒီလို မိသိန်းအေးပါ။

နတ်ပွဲကတဲ့ရက်တွေမှာ ကျွန်တော်သူ့ကို တွေ့ဖို့ချိန်းတယ်၊ ဘယ်လိုမှချိန်းလို့မရဘူး။ ဒီရက်မှာ အပျိုလူပျိုချိန်းတွေ့ရင် နိုးရာကိုင်တတ်တယ် ဆိုလား။ နတ်မကြိုက်ဘူးဆိုလား ပြောပြီး နတ်ပွဲမှာသာပျော်ပါးမော်ကြွား ကခုန်နေကြလေသည်။ ကြာတော့ ကျွန်တော်လည်း သည်းမခံနိုင်တော့၊

ကျွန်တော့်လို သည်းမခံနိုင်သူတစ်ယောက်ရှိသေးတယ်။

“ပေါက်ကျိုင်း ..”

ဒီကောင်ကလည်း သူ့ရဲ့အသစ်စက်စက်မိန်းမ မိသောင်းထူး တစ်ယောက် နတ်ပွဲကကျွေးတာစား၊ တိုက်တာသောက်ပြီး အိမ်မပြန်တမ်း နတ်ရေစင်လေးချိုးပြီး က,နေတော့ ဘယ်သည်းခံနိုင်ပါတော့မှာလဲ။ဟုတ်

www.burmeseclassic.com

တယ်လေ အိမ်ထောင်ကျတာ မှနှစ်ရက်နဲ့တစ်ပိုင်း ချစ်လို့ခင်လို့ကောင်းတုန်း ပဲရှိသေးတာကိုး၊ ဒါကြောင့် ကျွန်တော်တို့နှစ်ယောက် ...

“ဘယ်လိုလုပ်မလဲ ....

ပေါက်ကျိုင်း .. ဒီအတိုင်းဆိုခေါ်ဖို့ စကားပြောဖို့တောင် မလွယ်ဘူးထင်တယ်နော်..”

“ကျွန်တော်လည်း အဲဒါပဲ စဉ်းစားနေတာ ဟိုကောင်မ (မိသောင်းထူး)ကလည်း နတ်နဲ့ပဲ အိမ်ထောင်မြုတော့မလားမသိဘူး ဟင်း”

ဆိုပြီး သက်ပြင်းချတယ်။ အတော်ကြာမှပေါက်ကျိုင်းက ဝင်းလက်တဲ့မျက်နှာနဲ့ ..

“ကျွန်တော်သိပြီ”

“ဘာလဲကွ”

ကျွန်တော့်ရဲ့ အလောတကြီး အမေး ဒါကို ပေါက်ကျိုင်းက..

“လူလယ်ခေါင်မှာ ဒီကောင်မတွေကို ကြောင်ပါးဝိတ်တီးလို့ရတဲ့နည်း”

“ဟင် .. ဘယ်လို”

သူ့စကားကို ကျွန်တော် စိတ်ဝင်စားသွားတယ်။

“ဟုတ်တယ်၊ လူလယ်ခေါင်တည့်တည့်မှာ ဒီကောင်မတွေကို ပါးဝိတ်ချတဲ့နည်းရှိတယ်ဗျ”

ပါလေရာမိသိန်း အေး
တို့ကတော့ ထိပ်တန်းကာလေ၊
ထဘီကိုတောင် မနိုင်ကြ



"ဘယ် . . ဘယ်လိုချမှာလဲ . . ပြဿနာ တက်ကုန်မှာပေါ့"

"မတက်ဘူးဗျ။ လာ . . လာ . . ကျွန်တော်ပြောပြမယ်"

ဆိုပြီးကျွန်တော့်ကို ဆွဲခေါ် သွားတယ်။ ကျွန်တော်လည်း ဘုမသိ ဘမသိနဲ့ လိုက်သွားမိတယ်။

နတ်ပွဲနဲ့အတော်လေးဝေးတဲ့ နေရာ ရောက်မှ . .

"ဒီလိုဗျ"

"အင်း"

"ဒီကောင်မတွေ သိပ်မကြာခင်မှာ နတ်ဆိုတာဝင်လိမ့်မယ်"

"အဲဒီတော့"

"အဲဒီနတ်တွေက လက်ဖွေ့သမားနတ်တွေဗျ။ အဲဒီနတ်ဝင်တာနဲ့ ထိုးကြတော့တာ"

"ထိုးတော့"

"ထိုးတော့ တခြားလူမထိုးဘူးဗျ။ မိသိန်းအေးနဲ့ မိသောင်းထူးတို့ နှစ်ယောက်တည်း ပင်တိုင်ထိုးနေကျ"

"အဲဒါနဲ့ တို့ပါးချဖို့ကိစ္စ ဘာဆိုင်လို့လဲ"

ကျွန်တော့်ရဲ့ ဇဝေဇဝါအမေး ပေါက်ကျိုးက အားမလို အားမရ ဟန်နဲ့ . . .

"ဟာ . . ကိုယ့်ဆရာကလည်း ဒုံးဝေးလိုက်တာ။ အဲဒီအချိန် ကျရင် ကိုယ်လည်း နတ်ဝင်ချင်ယောင်ဆောင်ပြီး သူတို့နှစ်ယောက်ကို ရှုံကြောင်မူးကြောင်လုပ်ပြီး ပါးပိတ်ချရုံပဲ"

သူ့စကားကို ကျွန်တော် ခေါင်းကုတ်လိုက်မိတယ်။ နောက်မှ . .

"နေဦးကွ . . အဲဒီလို တို့ဝါးဝင်ချတော့"

"အာ . . ကိုယ့်ဆရာကလည်း တစ်ရွာလုံးကိုယ့်ဆရာကို သိနေတာပဲ၊ နောက်ပြီး နတ်ဝင်တာပါ ဆိုပြီး ရောချလို့လည်း ရတာပဲ"

သူပြောတော့လည်း ဟုတ်သလိုလို၊ ကျွန်တော်လည်း ခေါင်းကုတ် အသေအချာစဉ်းစားပြီး . .

"အေး မင်းပြောတော့လည်း ဟုတ်သလိုလို၊ ဒါပေမယ့် ဟိုနတ်

ထိန်းကြီး စနေထိပ်တင်မြင့် က . ."

"စနေထိပ်တင်မြင့်က အဲဒီ အချိန်မရှိဘူးဗျ။ သူ့တပည့်ဟို သရဲ မီးဖုတ်လို အခြောက်၊ ဆံပင်နီကြောင် ကြောင်နဲ့ မည်းမည်းကောင်တစ်ကောင် ပဲရှိတာတဲ့ သူနာမည် စနေထိပ်တင်မြင့် ရဲ့တပည့် အဂ်ါထိပ်တင်တွန့် ဆိုလား"

"ဟင် . . . နာမည်ကြီးက လည်း . . . ဘာကြီးလဲ"

"သူ့ဆရာနာမည်က စနေ ထိပ်တင်မြင့် ဆိုတော့ သူက အင်္ဂါသား မောင်ကြည်တွန့်လေ . . . အင်္ဂါ ထိပ် ကြည်တွန့်ဆိုခေါ် လို့စီးစီးပိုင်ပိုင် မရှိလို့ တဲ့ . . အဲဒါနဲ့ . . အင်္ဂါ ထိပ်တင်တွန့် ဆိုတဲ့ နာမည်ကိုယူထားတယ်ဆိုလားပဲ"

ဟာ ...ကိုယ့်ဆရာက လည်းဒုံးဝေးလိုက်တာ။ အဲဒီအချိန် ကျရင် ကိုယ်လည်း နတ်ဝင်ချင် ယောင်ဆောင်ပြီး....



သူပြောတဲ့ နတ်ထိန်း တပည့် ဆိုတာ ကိုယ်လုံးပိန်ညှော် ညှော်မည်း မည်းတူးတူး မျက်နှာမှာမှဲ့ခြေတွေ တောင်ပုံရာပုံ လူးထားတဲ့ ပျော့ပျော့နွဲ့နွဲ့ တစ်ယောက်ပါ။ ဆံပင်ကလည်း အနီရောင် ကြောင်ကြောင်ကြီးကို ဆိုး ထားသေး၊ ဒီအခြောက် ထိပ်နီသရဲ မီး ဖုတ်ကောင်လောက်ဆိုတော့ ပြဿနာ မရှိ . . .။

"အေးကွ . . . ဟုတ်သလို တော့ ဟုတ်သလိုပဲ"

"ဟုတ်သလိုလို မဟုတ်ဘူး။

www.burmeseclassic.com

နတ်ဆိုင်းသံကြားတော့ ဒေဝနာကိုဆွဲလာတယ်။ ချက်ချင်းပဲ
လူမိုက် ဒေဝနာ နားထင်ဆောင့်တက်လာ





www.burmeseclassic.com



ဟုတ်ကိုဟုတ်တယ်"

"ဟုတ်တော့ဟုတ်တယ်ကွ၊ ဒါပေမယ့် ငါ့ဒီအတိုင်းဝင် မကရဲဘူး"

ကျွန်တော့်စကားကို ငေဝီက ယောင် ယောင်လေး ပြုံးလိုက်ပြီး . .

"အဲဒါကြောင့် ခေါ်လာတာပေါ့။ လာ . . ဒါနည်းနည်း သွား တင်လိုက်ရအောင် . . "

ဆိုပြီး လက်မလေးထောင်ပြီး ပါးစပ် မှာတေ့ပြတယ်။ သဘောကတော့ ရှင်မြိုး တက်ကြွစေတဲ့ဆေးရည်တစ်မျိုး အရက်ဖိုကြ မယ်ပေါ့။

အရက်ကလေးနည်းနည်း ဝင်လာ တော့ သိတယ်မဟုတ်လား။ ချိုကြပြီး သတ္တိပဲ ကောင်းလာသလိုလို။ ထိုးချင်ကြိတ်ချင်စိတ်ပဲ ပေါ်လာသလို ဖြစ်လာတယ်။ ဒါကြောင့် . .

"လာကွာ . . သွားရအောင်တော်ကြာ လက်ရည်စမ်းဖို့ အစီအစဉ်မဒိပဲဖြစ်နေဦးမယ်"

ဆိုပြီးအထ . .

"နေဦးလေ . . . လက်ကျန်လေး ဖြတ် . . "

"မဖြတ်နဲ့တော့ ပါဆယ်ပဲဆွဲခဲ့ . . ပြိုင်ပွဲမဝင်ခင် နည်းနည်းထပ် တင်လို့ရအောင် . . ဟေ့ . . ညီလေး ဒါလေး ထုပ်ပေးစမ်း"

ဆိုပြီး အရက်ကိုပါ ပါဆယ်ဆွဲခဲ့ကြ တယ်။ စိတ်ထဲမှာလည်း ကိုယ့်ကိုကျလိကျလိဖြစ် အောင် ဝင်ကျလိနေတဲ့ ကျလိကျလိတွေကို ပါး ပိတ်တီးရတော့မယ်ဆိုတဲ့အတွေးနဲ့အားတွေရလို့

လက်သီးတပြင်ပြင်နဲ့ ကျွန်တော့်ဘက်လှည့်လာတယ်။
အကွက်တော့ဆိုက်ပြီ။ စိတ်ကြိုက်တွယ် . . .

နတ်ဆိုင်းသံကြားတော့ သွေးကပိုဆူလာတယ်။ ချက်ချင်းပဲ လူ့မိုက်သွေးက နားထင်ဆောင့်တက်လာတော့တယ်။ နတ်ပွဲကလည်း ကိုယ်စောင့်စားနေတဲ့ အစီအစဉ်ကို မရောက်နိုင်သေးဘူး။ ပါလာတဲ့ပါဆယ်လေးထုတ်ကာ ကျွပ်လိုက်၊ သူတို့က နေတာကြည့်လိုက်နဲ့ သူလည်းမြောက်ကြွမြောက်ကြွဖြစ်နေပြီ . . .။ မိသိန်းအေးတို့၊ မိသောင်းထူးတို့ကလည်း ကတုန်းခုန်တုန်း။ဟို အင်္ဂါထိမ်တင် ဆိုတဲ့ ထိပ်နှီသရဲမီးဖုတ်ကလည်း ကန္တကလျာနဲ့ သီချင်းတွေ အော်ဆိုနေတုန်း။

သူဆိုတဲ့ သီချင်းတိုလည်း ကြည့်ဦး . . .

"အသည်းနှလုံးကို ဟော့ . . ဟော့။ ပန်းသီးလေးလို ဟော့ . . ဟော့။ အအေးခန်းသေတ္တာထဲမှာထားစားရန်၊ သားရဲတစ်ကောင်သိုးမလေးလို မပြုံးတဲ့လေးနဲ့ မခွဲတမ်းကြည့်။ နင်ဘယ်သူလဲ၊ ငါဘယ်သူလဲ ဘာကယ်ဆို လူလူချင်းပဲ မထူးဆန်းဘူး။ ချစ်ကဆန်းသလား၊ ကဲ . . ပြောစမ်း။ ငါ စလေကျော်ပါအချစ်၊ အဟစ် . . ."

အဟစ်ဆိုတာတောင် ပါလိုက်သေးဗျား၊ ဒီကြားထဲ လိုအပ်ရင်လိုအပ်သလို ဟော့ဟော့ ဟဟနဲ့ထည့်ဆိုသေး။ သူ့ဖာသာသူဆို သူ့ဖာသာသူ ပျော်မြူးကနေသေး။ ဒီလိုနဲ့ အတော်ကြာကြာစောင့်လိုက်မှ . . .

"ကြောက်ရင်နောက်ဆုတ်၊ ရဲမှ မင်းဖြစ်မဟော့ခဲ့နော်၊ ခေါင်းမှာသံခမောက်၊ ချိုပေါက်မှကြောက်မယ့်သားမောင်ပါဗျ. . သတ္တိကို ခါးချိုး၊ လ,ကလေးကို လက်ဆွဲ စင်ပေါ်တက်ရဲတဲ့၊ ကရင်မောင်ကျော်လာပြီ . . ."

လာပြီဗျား။ ဆိုင်းဝိုင်းကလည်း လေးကင်းတီးပြီ။ ကိုယ်ကလည်း အပီ သမမယ် ဆိုပြီး အားတင်းလာတော့ချက်ချင်း သွေးဆူလာတယ်။

အဘိုးကြီး အဘွားကြီးတွေ၊ အသက်အရွယ်ကြီးသူတွေက ဒီအစီအစဉ်မှာနားကြပြီ၊ ဝိုင်းထဲကြည့်တော့ မိသိန်းအေးနဲ့ မိသောင်းထူးနှစ်ယောက်ပဲကျန်တယ်။ သူတို့နှစ်ယောက်ကလည်း ထိုးဖို့ လက်ဝှေ့ရေးတွေ





ဖြစ်နေပြီ။

လာပြီဗျာ။ ဗိန်းတောင်း၊ ခုနဆံပင်နီ ကြောင်ကြောင်နဲ့ သရဲမီးဖုတ်အခြောက်ကြီးက ကန္တကလျာနဲ့အေးဖယ်ပေးတယ်။ အကွက်က ဆိုက်ပြီ။ ဒါနဲ့ ကျွန်တော်နဲ့ ပေါက်ကျိုင်းက လက်သီးလက်မောင်း တန်းပြီး . . .

"မောင်ကျော် အစစ်လာပြီဗျား၊ မောင်ကျော် အစစ်လာပြီ . . ဟိုင်းယား"

ညာသံပေးလို့ နတ်ဝင်ချင်ယောင်ဆောင်ပြီး စည်းဝိုင်းထဲခုန်ဝင်လိုက်တယ်၊ အားလုံးက ကျွန်တော်တို့ကို ကြောင်ငေးကြည့်နေတယ်။ကျွန်တော်တို့ကလည်း ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ တတ်သမျှမှတ်သမျှ လက်ဝှေ့ရေးပြကာ ဆိုင်ရာဆိုင်ရာ မျက်နှာမူလိုက်တယ်။

ကျွန်တော်နဲ့မိသိန်းအေး၊ ပေါက်ကျိုင်းနဲ့ မိသောင်းထူး၊

အပီအပြင်တွယ်ရမှာမို့ မျက်လုံးတွေပ်အမိုးတွေထွက်လို့၊ ဟိုကောင်တွေက မကြောက်ဘူးဗျ။ လက်သီးတပြင်ပြင်နဲ့ ကျွန်တော့်ဘက်လှည့်လာတယ်။ အကွက်တော့ဆိုက်ပြီ၊ စိတ်ကြိုက်တွယ်လို့ရပြီ။အဲဒီအချိန်မှာပဲ . . .

"ဟိုင်းယား"

ဆိုတဲ့ ညာသံပေးသံနဲ့အတူ ဂုန်းခနဲအသံတစ်ခု။ နတ်ကဖို့ လုပ်ထားတဲ့စင်ကြီးပါ ညွတ်ကျသွားတယ်၊ ကြည့်လိုက်တော့ ခုနကန္တကလျာနဲ့လုပ်နေတဲ့ ထိပ်နှီသရဲမီးဖုတ်အင်္ဂါထိမ်တင် တွန်းကြီး၊ ကျွန်တော်တို့ကြားထဲ ခုန်ဝင်လာတယ်။





www.burmeseclassic.com



အခြောက်ကြီးဆိုတော့ ကျွန်တော်တို့ ဂရုမစိုက်ဘူး။ ဒီကောင်ကြီး ဆိုလည်းတွယ်မှာပဲ ဆိုပြီးအသင့်အနေအထားနဲ့ ကြည့်နေလိုက်တာပ် . . ။ အဲဒီအချိန်မှာပဲ ထိပ်နီသရဲမီးဖုတ်ကြီးက . .

"ဟိုင်းယား

ဆိုပြီးပတ်-ဒန်လိုက်တာ ကနားဖျင်းထိုးဖို့ကနားပွဲ အလယ်မှာ ထောင်ထားတဲ့ ဝါးပိုးဝါးကြီး ခွမ်းဆိုကွဲကျသွားတယ်။ မူးလာတာတောင် ဘယ်ရောက်သွားလဲ မသိတော့။ တယ်သန်တဲ့ အင်္ဂါထိပ်တင်တွန့်ပါလား။

အဲ့အားသင့်နေတုန်းမှာပင် ဖတ်ခနဲ ခါးထောင်းကျိုက်တာမြင်ရတယ်။

"ဟာ . ."

ကြည့်လိုက်တော့ ပေါင်မှာထိုးကွင်းတွေနဲ့ . . .၊ အကျီ ချွတ်ချလိုက်တော့ လက်မောင်းမှာ ဇာမဏီ၊ ကျောကုန်းမှာ အာဠာဝက ကြောက်စိတ်က ယေ်ထိပ်ကိုပါ တက်ဆောင့်တယ်။

သေပဲသေချင်တော့၊ အခုကြည့်တော့လည်း တကယ့်လက်ဝေ့သမားရုပ်၊ခုနကလို ကန့်ကလျှသရဲမီးဖုတ်ရုပ်မဟုတ်တော့။ အသည်းနှလုံးကို ပန်းသီးလို အဖေးခန်းသေတ္တာထဲထားစားမယ့်ရုပ်။ ပြောရရင် ဒီမျက်ခွက်ပါ။ သရဲကို မီးအတော်ကြာကြာဖုတ်ထားမှရမည့် မျက်ခွက်။ အင်္ဂါထိပ်တင်တွန့်ကိုငေးကြည့်ရင်း ဘာလုပ်လို့လုပ်ရမှန်းမသိခင်မှာပဲ မေးရိုးပေါ် ခွပ်ခနဲကျလာတဲ့ လက်သီး။ ကြည့်လိုက်တော့ မိသိန်းအေး၊ ကျွန်တော်လည်း ဒေါသထွက်ပြီး ပြန်တွယ်မလို့လုပ်တော့ သရဲမီးဖုတ်အင်္ဂါမီးဖုတ်ထိပ်တင်တွန့်



ဝုန်းဆို ခုန်ဝင်လာပြီး ပုံစံခွဲထားတာက တကယ့်ရွှေဝုံနဲ့မိုက်တိုင်စန် စပ်ထားတဲ့ ပုံစံ။ မေးကို ပခုံးထဲဝှက်၊ လက် တဆဆ၊ ခူးတမြောက်မြောက်နဲ့၊ အခြေအနေကို သိလိုက်ပြီ။ ဒီကောင်ကြီးကို ဘယ်လိုမှထိုးလို့မနိုင်နိုင်ဘူး ဆိုတာ၊ ဟိုဘက်ကြည့်တော့လည်း ကိုယ့်ကောင်ခံနေရပြီ၊ မိသောင်းထူးတို့ ခေါ်တာများ တခွပ်ခွပ်အသံထိုရိုမြင်းများ တိမ်ပေါ် ပြေးနေသလား မှတ်ရတယ်။ ဒီဘက်ပြန်လှည့်ပြီး တောင်းပန်မလို့လုပ်တုန်းမှာပင်၊ မေးရိုးပေါ် ဝင်လာတဲ့ မိသိန်းအေးရဲ့ပွဲသိမ်းလက်သီး။

ငွပ်ခနဲမြည်သံနဲ့အတူ မျက်လုံးထဲကြယ်တွေ၊ လတွေပါအကွင်းလိုက်မြင်သွားတယ်။ နောက် ဆက်တိုက်ဝင်လာတဲ့ ဒူး၊ တံတောင်၊ ကိုယ်ပြန်တွယ်မလို့ လုပ်လိုက်ရင် ဟိုထိပ်နီသရဲမီးဖုတ်အင်္ဂါထိပ်တင်တွန့်က ခုန်ဝင်လာပြီ။ သူ့ကိုကျတော့လည်း ကိုယ်ကမထိုးရဲ၊ ဟိုတစ်ယောက်ကိုတောင် ဒီအတိုင်းထိုးရင် အတော်ထိုးယူရမှာ၊ မိန်းမလက်သီးကလည်းဗျာ၊ တခွပ်ခွပ်နဲ့ ရှောင်လို့တိုမလွတ်ဘူး၊ ဒီလိုနဲ့ပဲ မိန်းမနှစ်ယောက်ထိုးရာ ကွင်းပတ်ရှောင်ရင်း မတတ်သာသည့်အဆုံး နတ်စင်ရှေ့ ဦးကုန်းချရင်း နတ်ထွက်ချင်ယောင်ဆောင်လိုက်ရတယ်။

ပွဲပြီးလို့ ပြောကြတာတော့ ဒီနေ့မောင်ကျော်လက်စွမ်းအပြဆုံးပဲတဲ့၊ ခါတိုင်းနှစ် ဒီလောက်မထိုးဘူးဆိုပဲ။ ပွန်းရုံပဲ့ရုံလောက်ထိုးတာတဲ့ ဒီနှစ်မှခွမ်းခနဲမြည်အောင် ဖူးအောင်ယောင်အောင်ထိုးထာတဲ့ . . .

"မင်းတို့က နတ်ဝင်နေလို့မမြင်လိုက်တာ အားရပါးရ မင်းတို့ကို သမတာများ စင်းတို့ကိုပြန်မြင်စေချင်တယ်တဲ့"

မင်းတို့က နတ်ဝင်နေလို့ မမြင်လိုက်တာ

အားရပါးရ မင်းတို့ကို သမတာများ

ဟုတ်မှာပါလေ၊ မိသိန်းအေး မောင်ကျော်နဲ့ထိုးမိတဲ့ ကျွန်တော့် မျက်ကွင်းကြီး ပိတ်ပြီး သွားတစ်ချောင်း နဲ့သွားတာကြည့်ပါလား။

လူရှေ့သူရှေ့ တရားဝင် သမခံထိတာလေ . . . ။

(ပြီး)

www.burmeseclassic.com

မိသိန်းအေးတို့ရွာမှာဘုရားပွဲရှိတယ်၊

သူတို့ဘုရားပွဲက မိုးအကုန်ဆောင်းဦး ပေါက်လောက်မှာ ကျင်းပတတ်ကြတယ်။

ဘုရားပွဲကျင်းပရာနေရာကတော့ လှေဆိပ်ဘေးက လယ် ကွက်လပ်ထဲမှာပဲ၊ တစ်ခါတရံမှာလည်း ရွာဝင်သချိုင်းဘေးက လယ်ကွက်မှာလုပ်တတ်တယ်။ များသောအားဖြင့် လှေဆိပ်နားမှာပဲ လုပ်တတ်ကြတယ်။

ဒီနှစ်မှာလည်း အဲဒီလှေဆိပ်ဘေးမှာပဲ ပွဲကျင်းပကြတယ်။

သူတို့ဘုရားပွဲက၊ ပွဲတော်ရက်မတိုင်ခင် တစ်ပတ်လောက်ထဲက ဘုရားပရိဝုဏ်ကိုသန့်ရှင်းရေးအရင်လုပ်ကြရတယ်။ ပြီးတော့ စေတီကို ထုံးအသစ်



www.burmeseclassic.com



ဖြန်းသုတ်ကြတယ်။

ပွဲတော်ရက်မှာ လာသမျှဧည့်သည်ကို အိမ်ပေါက်စေ့ထမင်းကျွေးတယ်။ ကိုယ်နဲ့သိသိမသိသိ ကြိုက်တဲ့အိမ်ထမင်းတက်စားလို့ရတယ်။အဲဒီနေ့မှာ ဧည့်သည်များလေ သူတို့ပျော်လေ၊ ဧည့်သည်များလေ သူတို့ဂုဏ်တက်လေပဲ။

များသောအားဖြင့် သူတို့ဆွေတော်မျိုးတော်တွေဖြစ်တဲ့ ရွာတွေကပဲ လာတာများတယ်။ မြို့ကလူတွေကတော့ သိတောင်မသိပါဘူး။

ပွဲတော်ရက်မှာလည်းစည်သလားမမေးနဲ့။ လူတွေကိုဖွေးဖွေးလှုပ်နေတာ။ ဝတ်ထားစားထားတာ အခုခေတ်စကားနဲ့ပြောရရင် လန်ထွက်နေတာ။ မိသိန်းအေးလည်း အလန်ဇယားဗျ။ ရွှေတွေကို လက်ကောက်ဝတ်လောက်ထိ ဝတ်ထည့်ထားပြီး၊ ပန်းဆီရောင်ဝမ်းဆက် ဝတ်ထားတယ်။ သူ့အမေရဲ့ စိန်နားကပ်ကြီးပန်ထားတယ်။ သူလမ်းလျှောက်တိုင်း၊ လက်လှုပ်တိုင်း လက်ကောက်သံ တချွင်ချွင်ကြားရတယ်။ ကျွန်တော့် မှာတော့ သူ့ကိုကြည့်ပြီးငေးလိုက်တာ။ သူ့ကိုတော့မပြောပါဘူး။ ပြောရင်လည်း . . .

"ရွှေရယ်၊ ကိုယ်ဝန်ရယ်က မိန်းမတွေအတွက်က ဘယ်တော့မှ မလေးဘူး"

လို့ပြောမှာသေချာတယ်။

တခြား လူတွေတော့မသိဘူး။ မိသိန်းအေးတစ်ယောက်တော့လေ ရွှေကို ပက်ပက်စက်စက်ကိုကြိုက်တာ။ အဲ ပွဲတော်ရက်လာတဲ့သူတွေလည်း သူ့လိုပဲ၊ အဝတ်အစားကပြောင်ပြောင်၊ ရွှေရောင်ကလက်လက်နဲ့နေတာ။ ဒါပေမဲ့ ဘယ်သူမှဖိနပ်မပါကြဘူး။ မိသိန်းအေးကိုမေးကြည့်တော့ . . .

"သူတို့က တစ်အိမ်တက်တစ်အိမ်ဆင်းသွားနေကြတာလေ . . . ဘုရားထဲသွားရင်လည်း ဖိနပ်ကချွတ်ရတာပဲ . . . ဒါကြောင့်ဖိနပ်ပါလာရင် ပျောက်မှာကြောက်နေရတာတစ်မျိုး၊ ချွတ်ကိုင်ရတာတစ်မျိုးနဲ့အလုပ်ရှုပ်တယ် . . . ဒါကြောင့်ဘယ်သူမှ ဖိနပ်မစီးကြတာ"

တဲ့ သူပြောတော့လည်း ဟုတ်သလိုပဲ။

"ဒါနဲ့နင့်မျက်မှန်ရော"

ဆိုတော့သူက . . .

"ညကျမှတာပ်မှာလေ . . . အခုနေ့ခင်းပိုင်းမှာတပ်ရင် လူတွေမြင်ရင်ရှက်စရာကြီး . . . ညကျမှတပ်တော့ ကိုယ်လည်းသူ့ကိုမမြင် . . . သူလည်း ကိုယ့်ကိုမမြင်ဆို ရှက်စရာမလိုတော့ဘူး . . ."

ဟြော် . . . ဟုတ်လိုက်တဲ့အတွေး၊ ညကျမှ သူ့မျက်မှန်အနက်ကြီး တပ်လိုက်တော့ အယ်သူ့ကိုမှ သဲသဲကွဲကွဲမမြင်ရတော့ဘူး။ မမြင်ရတော့ ရှက်စရာမလိုတော့ဘူးပေါ့။ ဟုတ်ဘူးလား ။

ဒီလိုနဲ့ညရောက်လာတယ်ဆိုပါတော့၊

သူတို့ငှားထားတဲ့ဇာတ်က မှန်ဇာတ်။ တစ်မြို့လုံးမှန်လိုပဲပြောတယ်။ မှန်ဇာတ်တွေက မြန်မာဇာတ်တွေထက် ဈေးကနှစ်ဆ၊ သုံးဆလောက်ပိုတဲ့ အပြင်၊ ဇာတ်အဖွဲ့နည်းတော့ငှားရတာလည်းအတော်ခက်သတဲ့။ အဲဒီလို ဈေးကြီးပြီးငှားရခက်တဲ့ဇာတ်ကိုငှားနိုင်မှ သူတို့အတွက်ပိုပြီးဂုဏ်ရှိသတဲ့။

ထားပါတော့။ အဲဒီည မိသိန်းအေးအရမ်းလှနေတယ်။ ဇေဒါရောင်ဝမ်းဆက်နဲ့ ပြောင်လက် နေတာ။ နောက်ပြီး မျက်မှန်အနက်ကြီးတပ်လာတယ်။ အမှန်ဖော့ သူတပ်လာတာမျက်မှန်အနက် မဟုတ်ဘူး၊ မျက်မှန်သဏ္ဍာန်လုပ်ထားတဲ့ဘီးကုပ်ကြီး၊ ဆံပင်လှန်

www.burmeseclassic.com

ဖြီးထားလို့ရအောင် ကော်ကိုင်းအမည်းကြီး၊ အဲဒါကို သူကမျက်မှန်မှတ်ပြီး တပ်လာတာ။

"အဲဒီ ကိုင်းအောက်မှာ ဘီးလိုအစွယ်လေးတွေပါတယ် သူမသိဘူးလား . . . "

ဆိုပြီးကျွန်တော်မေးကြည့်တော့ . . .

"မသိဘူးလေ . . . မျက်ကြောမြေအောင် အနိုဝ်ဘုလေးတွေထည့်ထားပေးတဲ့ အဆင့်မြင့်မျက်မှန်ထင်နေတာ . . . သူငယ်ချင်းတွေတောင် မျက်ရိုးကိုက်ရင် ဒီမျက်မှန်လာငှားတတ်ကြတယ်"

ဆိုပြီး ရယ်ကျဲကျဲနဲ့ပြန်ဖြေတယ်။ မပြောတော့ပါဘူး။ လူက ထဘီတိုတိုနဲ့ ကြည့်ရတာမနိပ်ပါဘူး။ မမေးတော့ပါဘူး သိနေတာပဲ။ ကိုယ့်မျက်စိထဲ လှနေရင်ပြီးရော။ ကိုယ်ကိုယ်နှိုက်က ဖြူတီးဘလိုင်းလေ။ သိတယ်မဟုတ်လား။

ထားဦး။



www.burmeseclassic.com



ဖာတ်တွေလည်း ဘုရားကန်တော့တာတို့ အပျိုတော်တို့အရင်ထွက် တာပေါ့၊ ပြီးတော့စတိတ်ရှိုး။

မင်းသားထွက်ပြီးသီချင်းဆိုတာနဲ့ ကောင်မလေး တွေ ငင်နားအပြိုင်မြှေးပြီး ဆုတွေအပြိုင်ပေးတော့တာပဲ။

တစ်ယောက်ကတစ်ဆယ်ဆို နောက်တစ်ယောက် ဆယ့်ငါးကျပ် ပေါ့၊ မိသိန်းအေးဆို သူ့ချွေးခံထဲ ထည့်လာတဲ့ ပိုက်ဆံတွေကိုနှိုက်နှိုက်ပြီး မြေးမြေးပေးတာ၊ အိမ်ထောင်ကျရင် ကလေးနို့ဆွဲဖို့တောင် ကျန်ပါ့မလားပဲ။ ဘာလို့ ဒီလောက်တောင် သွားပေးရလဲ မေးကြည့်တော့ . . .

"ဒီမင်းသားဟာ သူ့အမေအပျိုဘဝတည်းက နာမည်ကြီးဖူးနေတာ . . . အခုမှမြင်ဖူးလို့အသည်းယားသွားတာ" တဲ့

ဪ . . . အမေလက်ထက်ကနေ သမီးလက်ထက်ထိ နာမည်ထိန်းထားနိုင်တဲ့ သက်တမ်းရှည်မင်းသားကြီးပေါ့။ ဒါကြောင့်မင်းသားထွက်လာတာနဲ့ မိသိန်းအေးတို့အမေအရွယ်ကနေ မိသိန်းအေးတို့ထိ၊ မိသိန်းအေးတို့ကနေ မိကျဲချမ်းတို့ထိပါ အရွယ်စုံဆိုဒ်စုံ ဆုမျိုးစုံကိုချနေတော့တာ။

မိန်းမတွေဆိုတာများ စင်ရှေ့မှာ လူးလာခေါက်တုံ့နဲ့ ရှပ်ရှက်ခတ်နေတော့တယ်။

ခဏနေတော့ ဘယ်ကနေဘယ်လိုလုပ် ပစ်လိုက်တယ်မသိတဲ့ သစ်ကိုင်းခြောက်တစ်ခုက မင်းသားရဲ့ပေါင်ကိုထိသွားတယ်။ မင်းသားက ဟန်မပျက်ဘဲ သီချင်းကိုဆက်ဆိုနေတယ်။

သီချင်းဆုံးသွားမှ မင်းသားကခုနက ကလေးလက်သန်းလောက်ပဲရှိတဲ့ သစ်ကိုင်းခြောက်လေးကိုကောက်ပြီး . . .

"ကျွန်တော်တတ်ထားတဲ့ အနုပညာနဲ့အတတ်နိုင်ဆုံးဖျော်ဖြေနေတာပါ . . . အခု ဒါကြီးနဲ့ကျွန်တော့်ကိုပစ်တယ် . . . ကျွန်တော်ခြေထောက်နာသွားပြီ . . . ကျွန်တော် ဆက်မကနိုင်တော့ဘူး. . ."

ဆိုတာနဲ့ ပွဲကြည့်သူအားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်တယ်။ တကယ်ပါဗျာ သစ်ကိုင်းခြောက်က သွားကြားထိုးတံသာသာရယ်ပါ။ ဒါကိုမင်းသားက အမှုပိုပြီး ထော့နင်းထော့နင်းနဲ့ မျက်ရည်လေးဝဲပြတယ်။

မင်းသားမျက်ရည်ဝဲတာလည်းမြင်ရော ပွဲကြည့်နေကြတဲ့ မိသိန်းအေးအပါအဝင် မိန်းမကြီး၊ မိန်းမငယ်၊ မိန်းမလတ်တို့ ခုန်ထွက်လာပြီး မင်းသားကို . . .

ဒါ သူပစ်တာမဟုတ်ကြောင်း၊ ပစ်တဲ့တရားခံကိုလည်း ရှာပေးမှာဖြစ် ကြောင်း၊ ရှာတွေ့ရင်လည်း နောင်တစ်သက်လုံးမှတ်သွား အောင်ဆုံးမကြမယ့် အကြောင်း တိုင်တည်ပြောပြီး . . .

"ဘယ်နားကိုပစ်တာတွေ့လိုက်သလဲ"

ဆိုပြီးမေးတယ်။ ဒါကို မင်းသားက စင်ထောင့်တစ်နေရာကို

လက်ညှိုးနဲ့ထိုးပြီး . . .

"ဟောဒီနားပစ်တာပဲ. . ."

ဆိုတော့ အားလုံးရဲ့မျက်လုံးက မင်းသားညွှန်ပြရာဲကို၊ အဲဒီမှာ ထိုင်နေတာက ဒီရွာကမဟုတ်ဘူး၊ ဟိုဘက်ရွာကရွာသားတစ်စု။

ကိုယ့်ရွာသားမဟုတ်တဲ့ တခြားလူကိုမြင်တော့ အားလုံး မျက်လုံးတွေ အရောင်တောက်ကုန်တယ် ပြီးတော့အသံစုံနဲ့ . . .

"ဟင် . . . နင်တို့ဟိုဘက်ရွာကဟာတွေ . . .ဒီမှာဘာလာကျယ်နေတာလဲ"

"ငါတို့မင်းသားကို . . . နင်တို့ လက်ပုပ်ပုစ်ကြီးတွေနဲ့ ဘာလို့ပစ်တာလဲ . . ."

"မင်းသားခြေထောက်နာပြီးမကနိုင်ရင် နင်တို့ပြန်လျော်ပေးမှာလား . . ."

စသည်ဖြင့်ပေါ့ဗျာ။ ဝိုင်းရန်တွေ့ကြတယ်။ ဒါကိုဟိုဘက်ရွာက ကာလသားတွေကလည်း မျက်နှာက မာသားဗျ။

"နင်တို့ ရှုစိတက်နေတာကို မကျေနပ်လို့ပစ်တာ . . ."

"ဒါသစ်ကိုင်းခြောက်လေးနဲ့ပစ်တာ . . . ဟိုဟာကြီးကလည်း သေမှာ ကျနေတာပဲ . . . ."

"မိန်းမတွေကိုက ဣန္ဒြေမရဘူး . . ."

ဆိုပြီး ပြန်အော်ကြရော . . . ။ သူတို့စကားသံလည်း ကြားရော မိသိန်းအေး ခုန်ထွက်လာပြီး . . .

"ဟေ့ကောင်တွေ . . . နင်တို့ပြန်မလား . . . နင့်မျက်နှာမှာ ပေနေတာတွေ ငါလာဖျက်ပေးရမလား အဲဒီနှစ်ခုထဲကတစ်ခုပြော . . ."

ဆိုတော့ ဟိုကောင်တွေကလည်း . . .

"အောင်မာ . . . ဖျက်ရဲဖျက်ကြည့်ပါလား . . . ငါတို့အကြောင်း သိသွားမယ် . . ."

ဆိုတာနဲ့ မိသိန်းအေးက လုံချည်မပြီး . . .

"အေး . . . ဒီလောက် မျက်နှာမာတဲ့ဟာတွေ . . . ငါလာပြီ"

www.burmeseclassic.com

ဆို ပြေးအဝင်၊ သူ့နောက်မှာလည်း လုံချည်မြင်ပြီးစောင့်နေတဲ့ အရွယ်စုံမိန်းမတစ်သိုက်က ပြေးအလိုက်။

ဖုန်းခနဲ၊ ဗိုင်းခနဲအသံပဲကြားရပါတယ်ဗျာ၊ မိန်းမတွေ အားလုံး အဲဒီနားမှာ ဗိုင်းနေတာဆိုတော့ ဘာမှမမြင်ရဘူး။ အလုအယက်ကို ဘာဝင် လုပ်ကြတယ်တော့မသိပါဘူး။

သိပ်မကြာဘူးမိန်းမတွေပြန့်ရှဲသွားဘယ်။

ဟိုဘက်ရွာသားသုံးယောက်ကလည်း ဘာဖြစ်လို့ဖြစ်သွားမှန်းမ သိဘဲ အူကြောင်ကြောင်မျက်နှာနဲ့ ပွဲခင်းကိုကျောပေးထိုင်ပြီး ကျိုးကြည့် ကြောင်ကြည့်ဖြစ်နေတယ်။

ဆံပင်တွေလည်းဖွာ . . . လို့ . . .၊ နှုတ်ခမ်းတွေလည်းယောင်လို့၊ မျက်နှာခေါ်မှာလည်း စွပ်ကြောင်းရာတွေထင်လို့ မိန်းမတွေ ဘယ်နားကို ဘာလုပ်သွားမှန်းကို သိလိုက်ပုံမပေါ်ဘူး။

အတော်ကြာမှ ကုပ်ချောင်းချောင်းမျက်နှာပေးနဲ့ ပွဲခင်းထဲက ထထွက်သွားကတယ်။

အဲဒီတော့မှ မင်းသားက ရွှေစိတ်တော်အပြုံးပြုံးပြီး ပွဲကိုဆက်က ရတော့တယ်လေ။





တံတားကြီး ပြီးပြီ။

တံတားကြီးပြီးတော့ ကျွန်တော်တို့ အလုပ် လည်းပြီးပြီ။ ပြန်ရုံပဲရှိတော့တယ်။ ဒါပေမယ့် မပြီး သေးတာရှိတယ်။

"ဆရာရယ် . . . ဆရာတို့ပြန်သွားရင် ကျွန်တော်က ဒီရွာသူနဲ့ အိမ်ထောင်ကျတာဆိုတော့ ဒီရွာမှာနေခဲ့ရမှာ။ ကျွန်တော်က တောက်လည်း မစိုက်တတ်၊ ငါးလည်းမဖမ်းတတ်နဲ့ ဒုက္ခဖြစ်မှာ၊ အဲဒီ တော့ ဒီရွာမှာပဲ အလုပ်လုပ်လို့ရအောင် အလုပ် တစ်ခုရှာခဲ့ပေးပါ"

ပေါက်ကျိုင်းရဲ့စကား။ ကျွန်တော်လည်း သက်ပြင်းချမိတယ်။ ဟုတ်ပါရဲ့။ သူက မိသောင်း



www.burmeseclassic.com

ထူးနဲ့ အိမ်ထောင်ကျပြီး ဒီရွာမှာကျန်ခဲ့ရမှာကိုး။ သူ့ခမျာ ဒီရွာက လူတွေလိုကလည်း မလုပ်တတ်မကိုင်တတ်တော့ အခက်တွေ့မှာပေါ့။ သူ့ခမျာသနားစရာ။

"အေးလေ . . ငါအလုပ်တစ်ခုစီစဉ်ပေးခဲ့ပါ့မယ်"

ကတိပေးပြီး ရွာကလူကြီးတွေ စုခေါ်လိုက်တယ်။ လူစုံတော့ . .

"ဲ . . တံတားကြီးကတော့ ပြီးပြီ၊ လူကြီးစုံရာ ရှေ့မှာလည်း ကျွန်တော်တံတားကို အပ်ပြီးပြီ၊ ဒါပေမယ့် တစ်ခုရှိတာက ဒီတံတားကို ဒီအတိုင်းပစ်ထားရင် ပျက်စီးယိုယွင်းနိုင်တယ်။ နောက် လက်ဆော့ချင်သူ၊ ဖျက်ဆီးချင်သူတွေက လက်ဆော့ဖျက်ဆီးနိုင်တယ်။ ဒါကြောင့် ဒီတံတား ကြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ အစောင့်တစ် ယောက်လောက်ထား . . လိုအပ်တယ်လို့ ကျွန်တော်အကြံညာဏ်ပေးချင်ပါ တယ်"

လူကြီးတွေအားလုံးက ခေါင်းညိတ်ကြတယ်၊ အတော်ကြာမှ ရွာ လူကြီးဦးကွန်ဘလိုင်က . .

"ဒါကတော့ သင့်တော်ပါတယ် . . ဒါပေမယ့် ဒီရွာမှာက ကိုယ့် အလုပ်နဲ့ ကိုယ်အားကြတာမဟုတ်လေတော့ တံတားစောင့်ကို ဘယ်သူ့ကို ထားရမှာလဲ"

သူ့စကားကို ကျွန်တော်က အလျှင်အမြန်ပဲ . .

"ကျွန်တော့် တပည့်ပေါက်ကျိုင်း ဒီမှာကျန်ခဲ့မှာပါ။ သူ့ကိုပဲ ဒီ တာဝန်ပေးလိုက်ပေါ့။ နောက်ပြီး သူကတံတားဆောက်ထားတဲ့ အတွေ့ အကြုံရှိတော့ တော်ရုံတန်ရုံလောက် ပျက်တာဆို ပြင်တတ်ဖာတတ်တာပဲ"

အားလုံး ခေါင်းညိတ်ကြပြန်တယ်။ ပေါက်ကျိုင်းကိုလည်း ငေးကြည့်ကြတယ်။ မကျေနပ်တဲ့ အရိပ်အယောင်မမြင်ရဘူး။ ပေါက်ကျိုင်း ခမျာလည်း ပျော်လို့ ပြုံးလို့၊ ကျွန်တော့်ကိုယ်တိုင်လည်း ပီတိတွေဖြစ်ပြီး မျက်ရည်တွေလည်ဝိုတယ်။ခြော် . . ကိုယ့်တပည့်လေး အလုပ်ကလေး တော့ ရရှာပြီပေါ့။

"ဒါနဲ့ နေပါဦး၊ တံတားစောင့်ထားတာက ဟုတ်ပါပြီ၊ သူ့အတွက်





လစာပေးဖို့ မလိုဘူးလား"

ရွာရဲ့ ဘုရားလူကြီးဦးမိုးလောင်အမေး။ ဒါကို ကျွန်တော်က . .

"ဟုတ်ကဲ့ လစာကိုတော့ ထိန်းသိမ်းစောင့်ရှောက်ခ နည်းနည်းလို ပါတယ်"

"ဒါဆို သူ့အတွက် လစာက ဘယ်သူပေးမှာလဲ"

အားလုံးငြိမ်နေကြတယ်။ ဒါမျိုးကျသိပ်တိကျတာ၊ ဘယ်သူ့ဆီ ကမှ အသံမထွက်ဘူး။ ကျွန်တော်ကပဲ . .

"ဒီလိုလုပ်ပါလား"

အားလုံး ခေါင်းညိတ်ထောက်ခံကြပြန်တယ်။ ဒါကို ဦးမိုးလောင် ကပဲ . . .

"ငါလည်း ဘုရားဂေါပက လုပ်လာတာပဲ။ အလှူခံလိုက်ရင် အလှူ ငွေ တစ်နေ့ဘယ်လောက်ရတယ်ဆိုတာ စာရင်းစစ်ဖို့လိုတယ်ကွ"

သူပြောတော့လည်း ဟုတ်သား။ အလှူငွေတစ်နေ့ ဘယ်လောက် ရတယ်ဆိုတာ စာရင်းစစ်နိုင်မှ ဖြစ်မှာ၊ ဒါမှမဟုတ်ရင် တစ်ယောက်နဲ့ တစ် ယောက်အထင်လွဲတာတို့ ဘာတို့ဖြစ်ရင် မကောင်းဘူးပေါ့။ ဒါနဲ့ပဲ . . .

"ဟုတ်ပါတယ်။ ဦးလေး ဦးမိုးလောင်ပြောတာမှန်ပါတယ်။ စာရင်း စစ်ဖို့လည်းလိုပါတယ်"

"ဟုတ်တယ်မလုပ်နဲ့လေ၊ စာရင်းစစ်ပြီးရင် စာရင်းနဲ့အတူ ပြန် အပ်ဖို့ ဘဏ္ဍာထိန်းကလိုပြန်ရော . ."

"အဲ . . အဲဒါလည်း ဟုတ်သား"

"အဲ . . ဟုတ်သား မလုပ်နဲ့လေ၊ ဘဏ္ဍာထိန်းက ငွေပဲထိန်း တာ။ ခုနက ရတဲ့ငွေတွေကို အချိုးကျပြန်ခွဲဝေပေးဖို့ ဦးစီးမှူးက လိုပြန်ပြီ၊ တို့ ဘုရားဂေါပကအဖွဲ့လည်း ဒီလိုပဲ ဖွဲ့ထားရတာကိုးဗျ"

"အင်းဟုတ်ပါတယ်. . ဦးပြောတာ သဘာဝကျပါတယ်"

"ဟ . . သဘာဝကျအောင်ပြောနေတာပဲ . .။ ကဲ . . ဦးစီးမှူး ရှိမှတော့ သူ့တင်ပြစရာ အုပ်ချုပ်ရေးမှူးက မရှိမဖြစ်လိုပြန်ရော . ."

"အဲ . . အဲဒါက"



www.burmeseclassic.com

"ဘာလဲ . . မင်းကလူများနေပြီလို့ ပြောမလို့မဟုတ်လား။ လူတိုင်းက အရေးကြီးတယ်နော် . . ဟုတ်တယ် မဟုတ်လား"

ဦးမီးလောင်အမေး ဒါကို ကျွန်တော် ပြန်အဖြေမပေးနိုင်ခင် ရွာလူကြီး ဦးကွန်ဘလိုင်က ဖြတ်ပြီး . . .

"လူများနေရင်လည်း ဟို တံတားစောင့်ဆိုတဲ့ကောင်ပိုနေတာပဲ၊ သူ့ကိုဖြုတ်လိုက်ပေါ့။ သူ့မှာ ဘာအလုပ်မှရှိတာမှ မဟုတ်ဘဲ မဟုတ်ဘူးလား"

"သေပြီ စန်းစန်ညွန့်"

သူတို့စကားကြောင့် ကျွန်တော် ပါးစပ်အဟောင်းသားဖြစ်သွားတယ်။ ပေါက်ကျိုင်း ကြည့်လိုက်တော့လည်း ငိုမဲ့မဲ့ . . . .

ကျွန်တော် ဘာမှဆက်မပြောနိုင်ခင်မှာပဲ . . .

"ကဲ . . ကဲ . . ဒီကိစ္စက ဒီလောက်ပဲ . . ။ နောက်မှ လိုအပ်တဲ့ လူစာရင်းနဲ့ လူခေါ်တော့မယ်။ ငါ နားငြီးလာပြီ"

ဦးကွန်ဘလိုင်ရဲ့ ဆုံးဖြတ်ချက်စကားဆုံးတာနဲ့ . . .

အားလုံး အလျှိုလျှိုလှည့်ထွက်ကုန်ကြတယ်။ ပေါက်ကျိုင်းမျက်နှာက ငိုတော့မယ့် မိုးလို . . ယိုယိုခွဲခွဲကြီး။

ဩော် . . . ကိုယ့်မှာ ကိုယ့်လူကို တံတားစောင့်နေရာလေးများရမလားဆိုပြီး ကြိုးစားလိုက်ပါတယ်။ အဲဒီ့ တစ်ယောက်ကိုပဲ ကံကွက်ကြားမိုးရွာပြီး ကပ်အဖြုတ်ခံရတော့တာ။

မိသိန်းအေးနဲ့ ကျွန်တော်ထပ်မတွေ့တော့ပြန်ပါဘူး။

တံတားပြီးသွားတော့ ကျွန်တော်လည်း ကိုယ့်မြို့ကိုယ်ပြန်ခဲ့တာပေါ့။ သူလည်း သူ့ဘာသာသူ ကျန်ခဲ့တယ်။ ကျွန်တော်လည်း သူ့ကိုသွား မနှုတ်ဆက်သလို သူလည်း ကျွန်တော့်ကိုလာနှုတ် မဆက်ပါဘူး။

ရုပ်ရှင်တွေ၊ ဗီဒီယိုတွေ၊ အချစ်ဝတ္ထုတွေထဲမှာတော့ ဒါဇာတ်ရဲ့ အထွတ်အထိပ်ပါပဲ။ ပြန်ရတော့မယ့် မင်းသားကို (ကိုယ့်ကိုယ်ကိုယ်ပြော တာနော် တစ်မျိုးမထင်နဲ့) မင်းသမီးက တံတားထိပ်မှာ လက်ကိုင်ပဝါဖြူ လေးခေါင်းမှာပတ်လို့ လာနှုတ်

ဆက်။ တစ်ယောက်ကိုတစ်ယောက် မျက်ပေတုံးကြီး အရည်တဝိုင်းဝိုင်းနဲ့ လက်ကိုင်းခြောက်ကလေးကိုကိုင်။ ပြီးရင် စီးဆင်းနေတဲ့မြစ်ကြီးကို သက်သေတည်လို့၊ ဆည်းဆာကြီးက ခေါင်းခတ်နေပြီ၊ အဲဒီတော့ မှတစ်ယောက်နဲ့တစ်ယောက် မခွဲချင်မခွာရက်နဲ့ လက်ကလေးဖြုတ်ထားခဲ့။ အနောက်က မင်းသမီးရဲ့ငိုသံကို မင်းသားက အံကြိတ်နားဆင်ပြီး ခေါင်းငိုက်စိုက်နဲ့ ဖြည်းဖြည်းချင်းလှမ်းသွား။ မျက်ပေတုံးကို ပေကလပ် ပေကလပ်လုပ်ရင်း တစ်ချက်ချက် ခွေးသူခိုးချောင်းမြန်ချောင်း၊ မင်းသမီးကလည်း သူ့ခေါင်းကပဝါမြွေလေး ဖြုတ်ပြီးဝေ့ယမ်း နှုတ်ဆက်တာပေါ့ဗျာ။ အရမ်းလှပေါ့။

အခုတော့ ဟုတ်ပေါင်၊ တဲတားပြီးပြီဆိုတာနဲ့ ကိုယ့်အထုပ်ကလေးကိုယ်ထုပ်၊ ဒီအတိုင်းဖုတ်ဖက်ခါလို့ပြန်ခဲ့ရတာ ဘယ်သူမှလည်း လိုက်မပို့သလို၊ ဘယ်သူမှလည်း လာနှုတ်မဆက်ဘူး။

နေကလည်း ထင်သလောက်နီမနေဘူး။ လေကလည်း ထင်သလောက် တိုက်မနေဘူး။

အားလုံးသိတယ်လေ . . ။ ဒီရွာကလေးက ထွက်သွားရင် ပြီးပြီဟာကို . . ။ သူတို့လည်း မြို့ကိုရောက်ခဲ့တယ်၊ မြို့ကလူတွေကလည်း သူတို့ရွာရောက်ခဲ့တယ်ဆိုတော့ ပြန်တွေ့နိုင်ဖို့က အတော့်ကို ခက်သွားပြီ၊ ဒါကြောင့် လာနှုတ်မဆက်ကြတာ၊ မလိုတော့ဘူးလေ။

◆◆◆





မိသိန်းအေးတို့ရွာမှာ ဆောက်ခဲ့တဲ့ တဲတားက ကျွန်တော့်ရဲ့ နောက်ဆုံးတဲတားပါပဲ။ အဲဒါပြီးတော့ ကျွန်တော်လည်း ဆောက်လုပ်ရေးက ထွက်လိုက်တယ်၊ ကျွန်တော့်ရဲ့စိတ်တွေဟာလည်း ရန်ကုန်ဆိုတဲ့ မြို့ပေါ် မှာပဲ ရှိတော့တယ်။ ရန်ကုန်တက်ပြီး အနုပညာအလုပ်လုပ်ချင်တယ်။ ဒါပေမယ့် အလုပ်မလုပ်တော့တာနဲ့ ငွေကမရှိတော့ဘူးလေ။ အဲဒါနဲ့ပဲ မြို့မှာ ယောင်လည်လည်နဲ့ သူငယ်ချင်းတွေနဲ့ မြင်းလှည်းတွေလိုက်မောင်း။ ဘီလူးကျွန်းနဲ့ မော်လမြိုင်ကူးချည်သန်းချည်လုပ်ရင်း ဒီအတိုင်းလေနေခဲ့တယ်။

ဒီလိုနဲ့ တစ်နေ့ ကျွန်တော်အိမ်ပြန်ရောက်တော့ ကျွန်တော့် အစ်ကိုက . . . . .



www.burmeseclassic.com

"ပျော်ကောင်း မင်းတို့ တက်တားသွားထိုးတဲ့ ရွာက မင်းကောင်မလေး အိမ်ရောက်လာတယ်"

အစ်ကို့ စကားကြောင့် ကျွန်တော်လည်း မျက်လုံးပြူးသွားပြီး . .

"ဘယ် . . ဘယ်သူလဲ မိသိန်းအေးလား"

ဆိုတော့ အစ်ကိုက . . . .

"အာ . . အဲဒီရွာက မင်းကောင်မလေးဆိုမှ မိသိန်းအေးပဲရှိတော့ မပေါ့ . ."

ကျွန်တော်ကလည်း မလာစဖူးအလာထူးသွားတဲ့ မိသိန်းအေး ဘာလာလုပ်တယ် သိချင်တာနဲ့ပဲ . . .

"ဘာ . . ဘာမှာသွားလဲ . . ဘာပြောသွားသေးလဲ . . . ပါဆယ်လား . . ."

ကျွန်တော့် အမေးကို အစ်ကိုက . .

"ဘာမှတော့ မပြောသွားဘူးကွ၊ သူကချည်း ပြောနေတာ ဆိုတော့ ငါလည်း သိပ်နားမလည်ဘူး။ အဲ . . ဒါပေမယ့် အထုပ်တစ်ထုပ်တော့ ပေးခဲ့တယ်"

သူ့စကားကို ကျွန်တော်လည်း စိတ်ဝင်စားသွားပြီး . .

"အထုပ် . . ဟုတ်လား . . ဘာထုပ်လဲ"

ဆိုတော့ အစ်ကိုက . .

"ပါဆယ်တော့မဟုတ်ဘူးကွ . . . ကျွတ်ကျွတ်အိတ်နဲ့ပဲ . . . ကိုယ့်ဟာသာကိုယ်ကြည့်ယူ . . . ဟိုမှာ တိုင်ထောင့်မှာ ထောင်သွားတယ်"

အစ်ကို ညွှန်ပြရာ ကမန်းကတမ်းသွားပြီး ဖွင့်ကြည့်လိုက်တော့ . .

"ဟာ . ."

အထဲကပစ္စည်းကို မြင်တာနဲ့ ကျွန်တော်ချက်ချင်းမျက်ရည်ဝိုင်းသွားမိတယ်၊ ပြီးတော့ အလန့်တကြားနဲ့ကျွတ်ကျွတ်အိတ်အထုပ်လေးကို ဝိုက်လိုက်မိတယ်။

အစ်ကိုက ကျွန်တော့်ကို ဇဝေဇဝါနဲ့ကြည့်ပြီး . .

"ဘာတွေလဲ . . ခြော် . . ငါးနီတူတွေပဲ"

ဟုတ်ပါတယ် အထုပ်ထဲမှာ ထည့်လာပေးတာ သူတို့ဆီမှာ ထွက်တဲ့ ငါးနီတူတွေပါ။ ငါးနီတူတွေကိုကြည့်ပြီး မိသိန်းအေးရဲ့ မျက်နှာပေါ်လာတယ်၊ သူ့မျက်နှာပေါ်လာတိုင်း မျက်ရည်ဝိုင်းရပြီ။

အစ်ကိုက ကျွန်တော့်ကို ကရုဏာသက်သလို ကြည့်ပြီး . .

"အေးပေါ့ကွာ . . မင်းနဲ့ သူတွေ့ခဲ့ကြတဲ့အချိန်က နည်းမှမနည်းပဲကိုးကွာ . .။ ဒါကြောင့် အခုလို သူကရုဏာ၊ မေတ္တာအပြည့်အဝနဲ့ ပေးတဲ့ လက်ဆောင်ပစ္စည်းမြင်တော့ မင်းသူ့ရဲ့မေတ္တာကိုလေးစားပြီး မျက်ရည်ကျတာ မဆန်းပါဘူး"

အစ်ကိုရဲ့ စကား။ ကျွန်တော်ကသာ မျက်ရည်တွေဝဲခါသွားသည်အထိ ယမ်းခါပြီး . .

"အဲဒါကြောင့် မဟုတ်ဘူးဗျ . . အဲဒါကြောင့် မဟုတ်ဘူး"

"ဟင် . . ဘာဖြစ်လို့လဲ"

အစ်ကိုက မျက်လုံးကြီးပြူးပြီး မေးတယ်။ ဒါကို ကျွန်တော်က သူသိအောင် အသေအချာ ရှင်းပြလိုက်တယ်၊

"ဒီကောင်မက မြို့တက်ရင် လက်ဆောင်ပေးဖို့အတွက် ငါးသလဲထိုးကနေ ငါးမန်းထိသယ်လာတာဗျ။ အဲဒီမှာမှ သူချစ်ခင်ရင် ချစ်ခင်သလောက် အကောင်ခွဲပေးတာ၊ သူအချစ်ခင်ဆုံးလူက ငါးမန်းရပြီး သူမချစ်ဆုံးလူမှ ငါးသလဲထိုးရတာ။ အခုတော့ . . အခုတော့ ငါးသလဲထိုးထက်ငယ်တဲ့ ငါးနီတူ ကျွန်တော့်ကိုပေးတာဆိုတော့ . ."

"အဟင့် . . . ဟင့် . . . ဟင့် . . . ကျွဲ . . . ကျွဲ . . ကိုယ့်အငိုကို ကိုယ်အနိုင်နိုင် ပြန်မြိုချနေရတယ် လုပ်ရက်ပါပေ့မိသိန်းအေးရယ်"

အကြည်တော်

၅ · ၁၀ · ၀၆

www.burmeseclassic.com